မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၁၂၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်   ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကာတာနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကာတာနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သောသံအမတ်ကြီး မစ္စတာ ဂျာဘားအလီဟူစိန် အယ်လ်ဟာဝါရှလာအယ်လ် ဒိုဆာရီသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကာတာနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျာဘားအလီဟူစိန် အယ်လ်ဟာဝါရှလာအယ်လ် ဒိုဆာရီအား သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အိုင်ယာလန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိုင်ယာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဒမ်မီယမ်ကိုးလ်သည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အိုင်ယာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒမ်မီယမ်ကိုးလ်နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မြန်မာ – လာအို တံတားတည်ဆောက်တော့မည်

နေပြည်တော် ဇန်နဝါရီ ၂၈

မောင်မောင်မြင့်ဆွေ - ရေးသည်

နှစ်နိုင်ငံ ကုန်သွယ်မှုတိုးတက်လာစေရန်၊ ရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရန်နှင့် ဒေသတွင်း ခရီးသွားလာရေးလုပ်ငန်းများ လျင်မြန်စွာတိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့ကို ဆက်သွယ်မည့် ပထမဆုံး တံတားတစ်စင်းကို လာမည့်ဖေဖော်ဝါရီလ၌ စတင်တည်ဆောက်ရန် စီစဉ်နေပြီဖြစ်သည်။

“ကျွန်တော်တို့ ဒီချစ်ကြည်ရေးတံတားကို စတင်တည်ဆောက်ဖို့အတွက် ကြိုးစားဆောင်ရွက်နေပါပြီ။ မြန်မာနဲ့လာအို နှစ်နိုင်ငံစလုံးအတွက် အကျိုးပြုစေမယ့် တံတားဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်အထိ လာရောက်လည်ပတ်ခဲ့သည့် လာအိုနိုင်ငံ ပြည်သူ့အလုပ်သမားရေးရာနှင့် ပို့ဆောင်ရေးဝန်ကြီး ဆွမ်မတ်ဖိုလ်ဆီနာက ပြောကြားခဲ့သည်။

မြန်မာ-လာအိုချစ်ကြည်ရေးတံတားသည် လာအိုနိုင်ငံ လန်နမ်သာပြည်နယ် ဆန်ကွတ်ခ်ဆိပ်ကမ်းနှင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ် ကျိုင်းလတ်သို့ မဲခေါင်မြစ်ကို ဖြတ်သန်းကာ တည်ဆောက်မည်ဖြစ်သည်။ လာမည့် ဖေဖော်ဝါရီလမှ စတင်ကာ မြေပြင်လုပ်ငန်းများကို စတင်ပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

မြန်မာ-လာအိုတံတားသည် အရှည် ၆၆၀ မီတာနှင့် အကျယ် ကိုးမီတာရှိပြီး တံတားတစ်ဖက်တစ်ချက်တွင် လူသွားလမ်းများ ပါရှိအောင် တည်ဆောက်သွားမည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ▲

ယနေ့ သတင်းအညွှန်း

အရင်းအနှီးမရှိဟု ညည်းညူနေကြမည့်အစား အလုပ်ကိုကြိုးစားလုပ်၊ အသုံးအဖြုန်းကို လျှော့ချလိုက်ခြင်းဖြင့် အရင်းအနှီးများ တဖြည်းဖြည်း တိုးပွားလာနိုင်မည် *ခေါင်းကြီး* စာ - ၂

ဆူဒန်နှင့် တောင်ဆူဒန် နှစ်နိုင်ငံအကြား ငြိမ်းချမ်းမှုရရှိရေး နိုင်ဂျီးရီးယားသမ္မတ ဂျိုနသန် ဆွေးနွေး စာ - ၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အရင်းအနှီး

လုပ်ငန်းကြီးလုပ်လုပ်၊ လုပ်ငန်းသေးလုပ်လုပ် မည်သည့်လုပ်ငန်းလုပ်ကိုင်သည်ဖြစ်စေ အရင်းအနှီးမရှိဘဲလုပ်ကိုင်နိုင်ကြသည်မဟုတ်။ အရင်းအနှီးရှိမှသာ လုပ်ကိုင်နိုင်ကြ၏။ အရင်းအနှီးရှိမှ လုပ်ငန်းအထမြောက်နိုင်၏။ လုပ်ငန်းထူထောင်နိုင်၏။ အရင်းအနှီးမရှိက စိတ်ကူးသက်သက်သာဖြစ်နေမည်။ အရင်းအနှီးရှိမှ စိတ်ကူးနှင့်လက်တွေ့ပေါင်းစပ်နိုင်၏။ လုပ်ငန်းတစ်ရပ်ထူထောင်ရန် အရင်းအနှီးရရှိရေးသည် ပဓာနအကျဆုံးအလုပ်ဖြစ်၏။

ယနေ့ကာလ၌ လူတိုင်းတွင် ငွေကျပ်သိန်း ၁၀၀ စီလောက်များ ရှိကြမည်ဆိုလျှင် အရင်းအနှီးတစ်ခုခုလုပ်ကိုင်ပြီး စီးပွားတိုးတက်ရာတိုးတက်ကြောင်း လုပ်ကိုင်နိုင်လိမ့်မည်။ သို့သော် လူတိုင်းတွင် ထိုငွေမရှိ။ မရှိ၍လည်း တကယ်မလုပ်နိုင်။ မလုပ်နိုင်၍လည်း မတိုးတက်ဘဲရှိချေသည်။ သို့သော်ငြားလည်း မရှိ၍မလုပ်ဟုဆိုကာ လက်လျှော့ပေးနေကြပါက အောင်မြင်တိုးတက်ကြီးပွားသူ ရှိကြတော့မည် မဟုတ်ပေ။ ကြွက်သေတစ်ခုအရင်းပြုဆိုသောစကားကို လူတိုင်းနီးပါးကြားဖူးကြပေလိမ့်မည်။ ထိုစကားပုံသည် စီးပွားလုပ်ကိုင်သူတို့ အရင်းအနှီးကို မဖြစ်မနေရယူအားထုတ်လုပ်ကိုင်ရန် တွန်းအားပေးလိုက်ခြင်းပင်ဖြစ်၏။ ယုတ်စွအဆုံး အရင်းအနှီးတစ်စုံတစ်ရာမရှိသည့်တိုင် အရင်းအနှီးရအောင် ကြံရည်ဖန်ရည် စွမ်းရည်ဖြင့် အရင်းအနှီးကို ရှာဖွေကြရမည့် ဥပမာတစ်ခုဖြစ်သည်။

ငွေကျပ် တစ်သိန်းရှိသူသည် နှစ်သိန်းဖြစ်အောင်လုပ်ကိုင်ရန်မခက်ခဲ။ ထို့အတူ ကျပ်သိန်း ၁၀၀ ရှိသူသည် သိန်း ၂၀၀ ဖြစ်အောင်လုပ်ရန်မခက်ဟု စီးပွားရေးကျွမ်းကျင်သူတစ်ဦးက ပြောဖူးသည်။ ဤအချက်ကို ထောက်ရှုလျက် အရင်းအနှီးရှိထားရန် လိုအပ်ကြောင်း ဖော်ပြနေသည်။ အရင်းအနှီးရှိမှသာ လုပ်ကိုင်နိုင်၏။ သို့သော် ရင်းနှီးမြှုပ်နှံမှုသည် မှန်ကန်သောရင်းနှီးမြှုပ်နှံရန်လို၏။ မှန်ကန်သောရင်းနှီးမြှုပ်နှံမှုမဟုတ်ချေက တိုးပွားလာရန်ဝေးစွ အရှုံးဖြင့်ပင် ရင်ဆိုင်ရနိုင်သည်။

မည်သို့ပင်ဖြစ်စေ ဦးစွာပထမအရင်းအနှီးရှိထားရန် လိုအပ်၏။ အရင်းအနှီးတွင် နှစ်မျိုးရှိ၏။ ယင်းတို့ကား ကိုယ်ပိုင်အရင်းအနှီးနှင့် ချေးငှားသောအရင်းအနှီးတို့ပင် ဖြစ်၏။ ချေးငှားအရင်းအနှီးသည် အချိန်တန်လျှင် ပြန်ဆပ်ရမည်ဖြစ်၍ ကိုယ်ပိုင်အရင်းအနှီးသည် အကောင်းဆုံးဖြစ်၏။ ကိုယ်ပိုင်အရင်းအနှီးရရန်ကား ကြိုးစားရှာပြီး လျှော့သုံးလိုက်ခြင်းဖြင့် အရင်းအနှီးများ ထွက်လာနိုင်သည်။ ထိုအရင်းအနှီးလေးများ စုထားလျှင် အရင်းအနှီးအသေးလေးများဖြစ်လာနိုင်သည်။ အရင်းအနှီးအသေးလေးများ ပေါင်းစုလိုက်ပါက အရင်းအနှီးအကြီးကြီးဖြစ်လာနိုင်သည်။ ထို့ကြောင့် အရင်းအနှီးမရှိဟု ညည်းညူနေကြမည့်အစား အလုပ်ကိုကြိုးစားလုပ်၊ အသုံးအဖြုန်းကို လျှော့ချလိုက်ခြင်းဖြင့် အရင်းအနှီးများ တဖြည်းဖြည်း တိုးပွားလာနိုင်မည်ဖြစ်ပါသည်။ ။

ပြည်တွင်းသတင်း

ရေအရင်းအမြစ်များတွင် အာဆင်းနစ်ပါဝင်မှု သုတေသနလုပ်ငန်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်အား အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ ပါမောက္ခ Dr. Alexandar Van Green၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ထွန်းဝင်းနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ လာရောက်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ရေအရင်းအမြစ်များတွင် အာဆင်းနစ်ပါဝင်မှုအပေါ် သုတေသနလုပ်ငန်း ဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ဆွေးနွေးခဲ့ကြသည်။

ရှင်းလင်းတင်ပြ

ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျောင်းပြင်ပမူလတန်း ပညာရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လူတိုင်းအတွက် ပညာရေး နိုင်ငံအဆင့်ညွှန်ကြားရေးမှူး ဆရာကြီး ဦးတင်ညိုက ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးများက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ချက်များကို လည်းကောင်း၊ တက်ရောက်လာသူများက ရေရှည်ဆောင်ရွက်နိုင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးတင်စိုးနှင့် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်တို့က လုပ်ငန်းဆက်လက်ရပ်တည်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ သုံးသပ်တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အချိန်မှန်လေး အသိပေးစေချင်

ထင်သာမြင်သာ ပြုပြင်စရာ

အရေး - အလင်းရောင်
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ကျွန်မသည် မြောက်ဥက္ကလာပဘူတာမှ နေ့စဉ်ရထားစီး၍ အလုပ်သွားရသော ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ နေ့စဉ် ကားခအသွားအပြန် ငွေကျပ် ၆၀၀ သက်သာလှသဖြင့် မြန်မာ့မီးရထားကို အားကိုးကာ ပုံမှန်စီးဖြစ်ပါသည်။ မိမိလိုပင် ဘူတာနှင့်နီးသော အလုပ်သမားများ၊ ဘူတာနှင့်ဝေးသော်လည်း စရိတ်ချွေတာသော အလုပ်သမားတိုင်းလိုလို ရထားစီးဖြစ်ကြပါသည်။

ကျွန်မနေထိုင်ရာနေရာမှ အလုပ်သို့ ကားဖြင့်သွားလျှင် လမ်းတွင် မီးပွိုင့်မိပါက အချိန်တစ်နာရီခွဲခန့်ကုန်ဆုံးတတ်ပါသည်။ ထိုခရီးကို ရထားဖြင့်သွားပါက တစ်နာရီသာသာကြာတတ်ပြီး ရထားမြန်ပါက အလုပ်သို့ စောစောရောက်ပါသေးသည်။ မိမိတို့အလုပ်သမားများမှာ အလုပ်ချိန်မှန်မှသာ အလုပ်ရှင်၏ ကြည်ဖြူမှုကို ခံကြရမည်ဖြစ်ပါသည်။ မိမိတို့အလုပ်သမားတိုင်းလိုလို ရထားကို အချိန်မှန်စေလိုကြပါသည်။ မြန်မာ့မီးရထားမှ လမ်းပိုင်းကြွခိုင်မှုအတွက် ပြန်လည်ပြင်ဆင်နေကြသဖြင့် ရထားနောက်ကျခြင်းကို နားလည်ပါသည်။ နားမလည်သည်မှာ မိမိတို့အသွားအပြန်စီးနေသည့် ဘူတာမှ တာဝန်ရှိရုံပိုင်များ၊ ရထားဝန်ထမ်းများဖြစ်ပါသည်။ မိမိတို့ အလုပ်သမားများမှာ အလုပ်ချိန်မှန်ကန်စွာ ဝင်ရသဖြင့် ရထားနောက်ကျပါက ပိုက်ဆံဖြတ်ခံရသည့်အပြင် အလုပ်စည်းကမ်းလိုက်နာမှုမှာလည်း ဒဏ်ထိပါသည်။ မိမိတို့ဖြစ်စေလိုသည်မှာ ရထားနောက်ကျမည့်အကြောင်းကို ဘူတာမှ တာဝန်ရှိသူများက ရထားစီးခရီးသွားပြည်သူများကို အသိပေးသင့်ပါသည်။ သို့မဟုတ်ပါက ကောင်းမွန်စွာ ဖြေကြားပေးစေလိုပါသည်။ မိမိတို့သွားမေးမြန်းပါက ဆက်သွယ်ရေးစနစ်မကောင်းသောကြောင့် သူတို့မသိပါဟု ပြောကြားကြပါသည်။ တစ်ခါတစ်ရံ ဘာမှမဖြေကြပါ။

ယနေ့ နိုင်ငံတော်အစိုးရ၏ ကျေးဇူးကြောင့် ဝန်ထမ်းတိုင်းလိုလို၊ ဌာနတိုင်းလိုလို ဖုန်းများရှိကြမည်ဟု ထင်ပါသည်။ မိမိတို့မေးမြန်းသည်မှာလည်း ရထားနောက်ကျမည့်အချိန်ကိုမှန်း၍ အချိန်မီကားသွားစီးနိုင်ရေးအတွက် ဖြစ်ပါသည်။ ရထားစီးခရီးသွားပြည်သူများမှာ အရွယ်စုံလူစုံပါကြပါသည်။ အိမ်ပြန်နောက်ကျလျှင် မိဘမောင်ဖွားများ၏စိုးရိမ်မှုကို နားလည်အောင် ရှင်းပြရပါသည်။ ထို့ကြောင့် မိဘပြည်သူများ စိတ်အေးစေနိုင်ရေးအတွက် မြန်မာ့မီးရထား တာဝန်ကျရုံပိုင်များက အချိန်မှန်လေးပြောပေးစေချင်ပါသည်။

မလုပ်၊ မရှုပ်၊ မပြုတ်

မလုပ်၊ မရှုပ်၊ မပြုတ်ဆိုတဲ့စနစ်ကို လက်ခံကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်တွေနဲ့ ရဲရဲတင်းတင်း လုပ်ကိုင်ဆောင်ရွက်နေတဲ့ သူတွေ အားလုံးကို ဖတ်စေချင်ပါတယ်။ ခေါင်းစဉ်ကို မြင်လိုက်တာနဲ့ ဘာကိုညွှန်ပြနေတယ်ဆိုတာကို လူတိုင်းလိုလိုသိပြီးသားဖြစ်ပါတယ်။ ဝန်ထမ်းလောကမှာ အသုံးများသလို ကုမ္ပဏီနဲ့အဖွဲ့အစည်း အသီးသီးမှာလည်း သုံးနှုန်းပြောဆိုနေတာကို တွေ့မြင်နိုင်ပါတယ်။ မလုပ်၊ မရှုပ်၊ မပြုတ်ဆိုတဲ့ အဓိပ္ပာယ်ကတော့ ရှင်းပါတယ်။ ဘာမှမလုပ်ဘူးဆိုရင် ဘာမှဖြစ်မလာနိုင်ပါဘူး။ ဘာမှမဖြစ်တော့ ရှုပ်စရာအကြောင်းလည်း မရှိဘူး။ ရှင်းဖို့လည်း မလိုဘူး။ ဒီတော့ ပြုတ်စရာအကြောင်းလည်း မရှိဘူး။ ထိုင်ခုံကမြဲတာပေါ့။ အချိန်တန်ရင် လခထုတ်မယ်။ ခံစားခွင့်ရှိလည်း ရမှာပဲ ပူစရာမလိုဘူး။

မလုပ်၊ မရှုပ်၊ မပြုတ်ဆိုတဲ့စနစ်ကို လက်ခံကျင့်သုံးနေတဲ့ သူတွေရဲ့ ဘဝဟာ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ရှိတယ်လို့ ထင်ရပေမယ့် ကိုယ့်ရဲ့ဦးနှောက်ကို တုံးသွားအောင် လုပ်နေတာကို သိရဲ့လား။ ဘဝရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို ကိုယ်တိုင် ပိတ်ဆို့နေတာကို သိရဲ့လား။ ထူးချွန်ထက်မြက်လို့ စင်တော်ကောက်နိုင်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးသွားမှာကို သိရဲ့လား။ အများအကျိုးသယ်ပိုးနိုင်လျက်သားနဲ့ မစွမ်းဆောင်ခဲ့လျှင် လူဖြစ်ရကျိုးနပ်ပါ့မလား။ ကျရာကဏ္ဍရောက်တဲ့နေရာမှာ ထူးချွန်ထက်မြက်တဲ့ လူတော်လူကောင်းတွေဖြစ်စေချင်လို့ တိုက်တွန်းနေတာဖြစ်ပါတယ်။

ကိုယ်လုပ်နေတဲ့အလုပ်က အများအကျိုးရှိမယ်ဆိုရင် ယုံယုံကြည်ကြည်နဲ့ ရဲရဲတင်းတင်းလုပ်ဖို့ လိုအပ်ပါတယ်။ တွန့်ဆုတ်တွန့်ဆုတ်လုပ်နေမယ်ဆိုရင် တိုင်းပြည်နစ်နာပါတယ်။ ပြည်သူ့အကျိုးတွေ ဆုံးရှုံးပါတယ်။ ကာယကံရှင်ရဲ့ဘဝဟာလည်း မလှပနိုင်ပါဘူး။ ကိုယ်ပြုလုပ်လိုက်တဲ့ အလုပ်ဟာ အကောင်းနဲ့အဆိုးကို ရာခိုင်နှုန်းအားဖြင့်လည်း ခွဲခြားနိုင်ရပါမယ်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ကိုယ်လုပ်တဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ပါ။ အချိန်တန်ကျရင် တန်ပြန်အကျိုး ခံစားရပါလိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို ထူထောင်ပြီး မလုပ်၊ မရှုပ်၊ မပြုတ်ဆိုတဲ့စနစ်ကိုသာ ကျင့်သုံးမယ်ဆိုရင် ဘဝမှာ ဆုတ်ယုတ်မှုတွေကိုသာ ခံစားရမှာတော့ ကွက်ကွက်ကွင်းကွင်း သိမှာပါပဲ။ ရပ်ကွက်၊ မြို့နယ်တွေမှာ အမြင်မတော်တာတွေ၊ မဖြစ်သင့်တာတွေ၊ မတရားတာတွေကို တာဝန်ရှိသူတချို့က အမုန်းခံရမှာမို့ ရဲရဲတင်းတင်း ဖြေရှင်းမပေးနိုင်ဘဲ ရှည်လျားထွေပြားအောင်ပြန်ပြီး လုပ်ခိုင်းပါတယ်။ စာတင်ပါ။ ဓာတ်ပုံရိုက်ပြီး ပို့ပေးပါ။ စောင့်ကြည့်ပေးပါ အစရှိသဖြင့်ပေါ့လေ။ ဒါလည်း မလုပ်၊ မရှုပ်၊ မပြုတ်ဆိုတဲ့စနစ်ကို ကျင့်သုံးနေတာပါပဲ။ လူ့ဘဝဟာ ရခဲလှတယ်လို့ ဆိုကြပါတယ်။ လူသားရယ်လို့ ဖြစ်လာပြီဆိုရင် လူသားအကျိုးအတွက် တစ်စုံတစ်ခုကိုတော့ ဖန်တီးခဲ့စေချင်ပါတယ်။

ဒါကြောင့် ရောက်တဲ့အရပ်၊ ကျရာတာဝန် ကျေပွန်အောင်လုပ်ရင်း စေတနာလေးကို အဆစ်ထည့်ပေးစေချင်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်ခင်ဗျာ။

မောင်ထု(ကန်ရှေ့)

တက္ကသိုလ်ဝင်တန်းပြင်ပဖြေဆိုမည့်သူများအား အခမဲ့ပညာသင်ကြားပေး

ရန်ကုန် ဇန်နဝါရီ ၂၈

တက္ကသိုလ်ဝင်တန်း စာမေးပွဲ ပြင်ပဖြေဆိုမည့် ကျောင်းသားကျောင်းသူများ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲမရှိစေရန် ရည်ရွယ်ပြီး အခမဲ့ ပညာသင်ကြားပေးခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပေးရာ ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်နေကြောင်း တွေ့ရသည်။

အဆိုပါ ပညာသင်ကြားရေးကို ကမာရွတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး ခေါင်းဆောင်သည့် သင်ကြားမှုဖြစ်မြောက်ရေး ကော်မတီက ဦးဆောင်၍ မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ပြင်ပသင်ဆရာ ဆရာမများ ပူးပေါင်းသင်ကြားပေးခြင်းဖြစ်ပြီး စနေ၊ တနင်္ဂနွေနေ့စဉ် ရက်သတ္တပတ်ငါးပတ်ကြာ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၁၆၇)

GOLDEN PASS

Grand Palace, Emerald Buddha
Dream World, Coral Island,
Alcazar Gay Show,
Nong Nooch Tropical,
Shopping Centers

ပြည်တွင်းသတင်း

အမိန့်အမှတ် ၂/၈၈ ကို ပယ်ဖျက်သည့်အမိန့်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၃/၂၀၁၂)
၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

အမိန့်အမှတ် ၂/၈၈ ကို ပယ်ဖျက်သည့်အမိန့်

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် နေ့စွဲပါ အမိန့်အမှတ် ၂/၈၈ သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၇ နှင့် ဆန့်ကျင်ပါသဖြင့် ယင်းအမိန့်ကို ပယ်ဖျက်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံအပေါ်တင်ရှိနေသော ကမ္ဘာ့ဘဏ်၏ကြွေးမြီများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင်အသုံးပြုရန် ၁၉၇၃ ခုနှစ်ခန့်မှစ၍ ကမ္ဘာ့ဘဏ်မှ ဖွံ့ဖြိုးမှုချေးငွေများ ရယူခဲ့သည်။ ယခုအခါ နိုင်ငံတော်အစိုးရသည် အဆိုပါချေးငွေများအနက် ပေးဆပ်ရန် အချိန်စေ့ရောက်ပြီးနောက် ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိခဲ့သည့် ကြွေးမြီလက်ကျန်များကို ရှင်းလင်းနိုင်ရန် ကမ္ဘာ့ဘဏ် (World Bank)၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC) တို့နှင့်ညှိနှိုင်း၍ စာရင်းရှင်းလင်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ကြိုးပမ်းခဲ့သည်နှင့်အညီ ၂၀၁၂ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ သန်း ၄၁၀ကို ပေါင်းကူးချေးငွေရယူ၍ ကမ္ဘာ့ဘဏ်သို့ ပြန်လည်ပေးဆပ်နိုင်ခဲ့ပြီး ကမ္ဘာ့ဘဏ်မှပြန်လည်ရရှိသည့်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၁၀ဖြင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဘဏ်မှ ရယူထားသော ပေါင်းကူးချေးငွေအား ယင်းနေ့တွင်ပင် ပြန်လည်ပေးဆပ်ခြင်းဖြင့် ကြွေးမြီလက်ကျန်စာရင်းရှင်းလင်းခြင်းလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်းတစ်ခုဖြစ်သော ကမ္ဘာ့ဘဏ်၏ ကြွေးမြီလက်ကျန်များကို ရှင်းလင်းနိုင်ခြင်းကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်းတွင် တာဝန်သိနိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်သည့်အပြင် နိုင်ငံတော်အတွက်လိုအပ်နေသော ဖွံ့ဖြိုးမှုဆိုင်ရာအတိုးနှုန်းသက်သာသည့် ချေးငွေအစီအစဉ်အသစ်များကိုလည်း ပိုမိုတိုးတက်ရရှိလာမည်ဖြစ်သည်။

ကမ္ဘာ့ဘဏ်အနေဖြင့်လည်း မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း (၆၄၀)၌ ကျောင်းများ၊ ကျန်းမာရေးဆေးပေးခန်းများ၊ လမ်းများနှင့် စိုက်ပျိုးရေးလုပ်ငန်း စသည်တို့တွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ National Community-Driven Development Project အတွက် အမေရိကန်ဒေါ်လာ သန်း ၈၀ကို (၆)နှစ်ကာလအတွင်း ကူညီထောက်ပံ့မည်ဖြစ်သည်။ ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ ဆင်းရဲမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပြုပြင်ပြောင်းလဲမှုများအတွက် ငွေကြေးနှင့် နည်းပညာအကူအညီများကို ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ပါရီမြို့၌ ပါရီကလပ်နှင့် ကြွေးမြီရှင်းလင်းရေးကိစ္စ ညှိနှိုင်းဖြေရှင်း

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ပါရီကလပ်တွင် သဘောတူညီချက် လက်မှတ်ရေးထိုးစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပါရီကလပ်အဖွဲ့ဝင် (၁၁)နိုင်ငံ၌ တင်ရှိနေသော မြန်မာနိုင်ငံ၏ ကြွေးမြီများ ရှင်းလင်းရေးကိစ္စ ဆောင်ရွက်ရန် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ဇန်နဝါရီ ၂၂ ရက် ဒေသစံတော်ချိန် ၆ နာရီ ၁၀ မိနစ်တွင် ရောက်ရှိခဲ့သည်။

ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် အဖွဲ့သည် ပါရီကလပ်ဥက္ကဋ္ဌ Mr. Ramon FERNANDEZ သဘာပတိအဖြစ် ဆောင်ရွက်သော မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ရာ အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ၏ မြီရှင်နိုင်ငံများဖြစ်သော ပါရီကလပ်အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ပြင်သစ်၊ ဖင်လန်၊ အီတလီ၊ ဂျပန်၊ နော်ဝေ၊ နယ်သာလန်၊ အင်္ဂလန်၊ ဒိန်းမတ်၊ ကနေဒါ၊ ဩစတြီးယား၊ ဂျာမနီနှင့် အခြားလေ့လာသူနိုင်ငံများ၊ အဖွဲ့အစည်းများဖြစ်သည့် ဩစတြေးလျ၊ ဘဲလ်ဂျီယံ၊ ကိုရီးယား၊ ရုရှား၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ အမေရိကန်၊ IMF၊ IDA၊ ADB၊ UNCTAD တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

စုံညီ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင် ဒေါက်တာဇော်ဦးတို့က မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုအခြေအနေနှင့်ရင်ဆိုင်နေရသော စိန်ခေါ်မှုများ၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်လိုအပ်ချက်များ Paris Club အဖွဲ့ဝင် (၁၁)နိုင်ငံအပေါ်တင်ရှိသည့်ကြွေးမြီများနှင့် ပတ်သက်၍ ကြွေးမြီဖြစ်ပေါ်ရသည့် အကြောင်းရင်း၊ ကြွေးမြီပမာဏတိုးပွားလာရမှု သုံးသပ်ချက်နှင့် မြန်မာအဖွဲ့၏ ကနဦးတောင်းဆိုအဆိုပြုချက်ကို အသေးစိတ်တင်ပြသည်။ ထို့နောက် IMF World Bank နှင့် ADB တို့မှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံအခြေအနေနှင့် စပ်လျဉ်း၍ ယင်းတို့၏ သဘောထားကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ညှိနှိုင်းဆွေးနွေးမှုကို နံနက် ၁၁ နာရီမှစ၍ သီးခြားအစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ကို သီးသန့်နေရာတွင် ထားရှိပြီး Paris Club အဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူများအား သီးခြားနေရာတွင် စုစည်းနေရာချထားကာ နှစ်ဖက်တောင်းဆိုညှိနှိုင်းမှုကို ပါရီကလပ်၏ ဥက္ကဋ္ဌနှင့် အဖွဲ့ကတစ်ဆင့် ဆောင်ရွက်သည်။ မြန်မာအဖွဲ့၏ မူလတောင်းဆိုချက်မှာ ကြွေးမြီအားလုံး၏ ၆၇ ရာခိုင်နှုန်းကို လျှော်ပစ်ပြီး၊ ကျန်ကြွေးမြီများကို ဆိုင်းငံ့ကာလ(၇)နှစ် အပါအဝင် ပြန်ဆပ်ကာလ(၂၃)နှစ် ခွင့်ပြုရန်နှင့် ပါရီကလပ်အဖွဲ့ဝင်နိုင်ငံများက မူလပြန်လည်အဆိုပြုချက်မှာ ကြွေးမြီအားလုံး၏ ၄၀ ရာခိုင်နှုန်းကို လျှော်ပစ်ပြီး ကျန်ကြွေးမြီများကို ဆိုင်းငံ့ကာလ (၅)နှစ်အပါအဝင် ပြန်ဆပ်ကာလ(၁၅) နှစ် ခွင့်ပြုရန်ဖြစ်သည်။

ညှိနှိုင်းဆွေးနွေး

ယင်းသို့ နှစ်ဖက်အပြန်အလှန်တောင်းဆိုမှုနှင့် ပြန်လည်အဆိုပြုချက်တို့ကို ဇန်နဝါရီ ၂၄ ရက်နံနက် ၁၁ နာရီမှ ၂၅ ရက် နံနက် ၃ နာရီ အထိ ၁၆ နာရီကြာ တစ်ဆက်တည်း မရပ်မနား ဆောင်ရွက်ခဲ့သည်။ နောက်ဆုံးတွင် ပါရီကလပ်မြီရှင်များသို့ ပေးရန်ကျန်ကြွေးမြီ၏ ၅၀ ရာခိုင်နှုန်းကိုအထူးအစီအစဉ်တစ်ရပ်အဖြစ် မြီရှင်နိုင်ငံများက လျှော်ပေးမည်ဖြစ်ပြီး ကျန်အကြွေးကို ဆိုင်းငံ့ကာလ (၇)နှစ်အပါအဝင် (၁၅)နှစ်အတွင်း ပြန်လည်ပေးဆပ်ရန် သဘောတူညီချက်ရရှိခဲ့သည်။ ထို့အပြင် နော်ဝေနိုင်ငံက ၎င်းတို့ရရန် အကြွေးအားလုံးဖြစ်သော အမေရိကန်ဒေါ်လာ ၅၃၄ သန်းကို အပြီးအပြတ်လျှော်ပစ်ရန် သဘောတူညီခဲ့သည်။ ဂျပန်နိုင်ငံကလည်း ၎င်း၏ ကြွေးမြီ ၆၀ ရာခိုင်နှုန်းကို လျှော်ပစ်ရန် ဆက်လက်ဆောင်ရွက်နေသည်။ သို့ဖြစ်ရာ ပါရီကလပ်၏ ကြွေးမြီစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၂၇ ဘီလီယံအနက် မြီရှင် ၁၁ နိုင်ငံအားလုံး၏ သဘောတူညီချက်ဖြင့် ၅၀ ရာခိုင်နှုန်း လျှော်ပစ်ငွေမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၂၅ ဘီလီယံဖြစ်ပြီး နော်ဝေနိုင်ငံက ထပ်မံလျှော်ပစ်မည့် ကျန်ရှိကြွေးမြီ ၅၀ရာခိုင်နှုန်းဖြစ်သော အမေရိကန်ဒေါ်လာ ၂၆၇ သန်းကို ထည့်သွင်းတွက်ချက်ပါက စုစုပေါင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၉၂ ဘီလီယံခန့် ကြွေးမြီလျှော်ပစ်ပေးရေး ညှိနှိုင်းဆွေးနွေးနိုင်ခဲ့သည်။ သို့ဖြစ်ရာ ကြွေးမြီအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့် သက်သာစေသည့် ရလဒ်ကို ရရှိခဲ့သည်။

ပူးတွဲဆောင်ရွက်

ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများ၏ ကျန်ကြွေးမြီများအား ဆိုင်းငံ့ကာလ (၇) နှစ် အပါအဝင် (၁၅) နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်သည်။ ဆက်လက်၍ မြီရှင်နိုင်ငံ ၁၁ နိုင်ငံများထံမှ ကြွေးမြီသက်သာခွင့်များ ပိုမိုရရှိရေးအတွက် နှစ်နိုင်ငံချင်း သီးခြားညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခု ပါရီကလပ်အဖွဲ့ဝင်နိုင်ငံများ၏ ကြွေးမြီ ရှင်းလင်းရေးကိစ္စ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ မက်ခရိုစီးပွားရေးမူဝါဒများအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို အကဲဖြတ်မှုအစီအစဉ် Staff Monitored Program(SMP)အား ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)တို့ ပူးတွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံအပေါ်တင်ရှိနေသော ကမ္ဘာ့ဘဏ် (World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် ဂျပန်နိုင်ငံအပါအဝင် ပါရီကလပ်အဖွဲ့ဝင် ၁၁ နိုင်ငံတို့၏ ကြွေးမြီများ ရှင်းလင်းရေးကိစ္စကို စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှေ့ပိုင်းနှင့်တောင်ပိုင်းဒေသများ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၀ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မြိတ်မြို့တွင် ၀ ဒသမ ၅၁ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

နိုင်ငံတကာသတင်း

ဆူဒန်နှင့်တောင်ဆူဒန်နှစ်နိုင်ငံအကြား ငြိမ်းချမ်းမှုရရှိရေး နိုင်ဂျီးရီးယားသမ္မတ ဂျိုနသန်ဆွေးနွေး

နိုင်ဂျီးရီးယားသမ္မတ ဂွတ်လပ်ဂျိုနသန်

အာဘူဂျာ ဇန်နဝါရီ ၂၈

နိုင်ဂျီးရီးယားသမ္မတ ဂွတ်လပ်ဂျိုနသန်သည် ဆူဒန်နှင့် တောင်ဆူဒန်နှစ်နိုင်ငံအကြား ရန်မီးငြိမ်းရန် ကြိုးပမ်းမှုအနေဖြင့် ဆူဒန်သမ္မတ အိုမာဟတ်ဆန်အာမက် အယ်လ်ဘာရှားနှင့် တောင်ဆူဒန်သမ္မတ ဆာလ်ဗာကီရာမေယန်ဒစ်တို့နှင့် ဇန်နဝါရီ ၂၆ ရက်ညက သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဇန်နဝါရီ ၂၇ ရက်တွင် ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ပြုလုပ်ခဲ့

အဆိုပါ တွေ့ဆုံမှုများကို အီသီယိုးပီးယားနိုင်ငံမြို့တော် အဒစ်အဘာဘာတွင် သီးခြားနေရာများ၌ အချိန်ခွဲကာ ပြုလုပ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ နိုင်ဂျီးရီးယားသမ္မတ ဂျိုနသန်သည် တောင်ဆူဒန်သမ္မတနှင့်တွေ့ဆုံမှုကို သမ္မတလမ်းရှိ ရှီရာတန်ဟိုတယ်များ၌ပြုလုပ်ပြီး ဆူဒန်သမ္မတနှင့် တွေ့ဆုံမှုကို ယင်းဟိုတယ်ရှိ အရေးကြီးပုဂ္ဂိုလ်များနှင့်တွေ့ဆုံရာအထပ်၌ ပြုလုပ်ခဲ့သည်။

ယင်းတွေ့ဆုံမှုသည် သမ္မတဂျိုနသန်အနေဖြင့် အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့တွင် လောလောဆယ် ကျင်းပနေသော အကြိမ် (၂၀) မြောက် အာဖရိကသမဂ္ဂထိပ်သီးအစည်းအဝေးသို့ အာဘူဂျာမှရောက်ရှိလာစဉ် ပထမဆုံး တရားဝင်လုပ်ငန်းဆောင်ရွက်မှုတစ်ရပ်ဖြစ်သည်။

အိမ်နီးချင်းဆူဒန်နှင့် တောင်ဆူဒန်နိုင်ငံအကြား အငြင်းပွားမှုပြဿနာကို မည်သို့ငြိမ်းချမ်းစွာ ဖြေရှင်းရမည်ဆိုသည့်ကိစ္စအား ယခုဆွေးနွေးမှုများက မီးမောင်းထိုးပြခဲ့သည်။ **(ဆင်ဟွာ)**

အာရှ – ပစိဖိတ်အုန်းထုတ်ကုန်များဆိုင်ရာအဖွဲ့ (၄၉) ကြိမ်မြောက် အစည်းအဝေးကျင်းပ

စူဗား ဇန်နဝါရီ ၂၈

(၄၉)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်အုန်းသီးထုတ်ကုန်များဆိုင်ရာအဖွဲ့(အေပီစီစီ)ဝန်ကြီးများအဆင့် ဆွေးနွေးပွဲကို ဖီဂျီနိုင်ငံ အပန်းဖြေမြို့ဖြစ်သော နာဒီမြို့တွင် ဇန်နဝါရီ ၂၈ ရက်က စတင်ကျင်းပကြောင်း ဖီဂျီအရာရှိများက သတင်းထုတ်ပြန်သည်။

ဖြန့်ဖြူးပေး

အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက အုန်းသီးထုတ်ကုန်များနှင့် အုန်းသီးထုတ်ကုန်များဆိုင်ရာ စက်မှုလုပ်ငန်းများ၏ ရှေ့အနာဂတ် ခရီးစဉ်များကို ဆွေးနွေးခဲ့ကြသည်။ အေပီစီစီအဖွဲ့ဝင်နိုင်ငံများမှ အုန်းသီးထုတ်ကုန်များဖြစ်သော စားအုန်းဆီ၊ စက်သုံးဆီအပြင် အခြားအလှအပဆိုင်ရာ ထုတ်ကုန်ပစ္စည်းများကို ကမ္ဘာတစ်ဝန်းသို့ ၉၀ ရာခိုင်နှုန်းခန့်အထိ တင်ပို့ဖြန့်ဖြူးပေးလျက်ရှိသည်။

အစည်းအဝေး၌ ဆီအုန်းစိုက်ပျိုးမှု စိုက်ခင်းများအပြင် စားအုန်းဆီထုတ်လုပ်ရေးစက်ရုံများနှင့် ယင်းတို့အား မှီခိုလုပ်ကိုင်နေသည့် အလုပ်သမားများအတွက်ကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ အုန်းသီးထုတ်ကုန်ပစ္စည်းများ စိုက်ပျိုး၊ ထုတ်လုပ်မှုနည်းပညာသစ်များ၊ ဈေးကွက်တင်ပို့နိုင်မှုအခြေအနေများ၊ အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။

ရပ်တည်ခဲ့

အဆိုပါအေပီစီစီအဖွဲ့ကို ၁၉၆၉ ခုနှစ်က ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မရှင်၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာအဖွဲ့တစ်ဖွဲ့အဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ယင်းအဖွဲ့တွင် မက်ဆီဒိုးနီးယား၊ ဖီဂျီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ မာရှယ်ကျွန်းစု၊ ပါပူဝါနယူးဂီနီ၊ ဖိလစ်ပိုင်၊ ဆာမိုဝါ၊ ဆော်လမွန်ကျွန်းစု၊ သီရိလင်္ကာ၊ ထိုင်း၊ တွန်ဂါ၊ ဗင်နွာတူ၊ ဗီယက်နမ်၊ ဂျမေကာနှင့် ကင်ညာ စသည့်နိုင်ငံများ ပါဝင်လျက်ရှိသည်။ **(ဆင်ဟွာ)**

အင်ဒိုနီးရှားတွင် မြေပြိုမှုဖြစ်ပွား ငါးဦးသေဆုံး

ဂျန်ကီပြည်နယ် ဇန်နဝါရီ ၂၈

အင်ဒိုနီးရှားနိုင်ငံ ဂျန်ကီပြည်နယ်တွင် ဇန်နဝါရီ ၂၇ ရက်က မြေပြိုမှုကြောင့် ရေနံနှင့် ဓာတ်ငွေ့ တူးဖော်ရေးပီတီပါတာမိနိကုမ္ပဏီ၏ အစိတ်အပိုင်းဖြစ်သည့် ပီတီပါတာမိနိဂျီအိုသာမောစွမ်းအင်လုပ်ငန်းမှ အလုပ်သမားငါးဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက ပြောကြားသည်။

ဖြစ်ပွားခဲ့

အဆိုပါ မြေပြိုမှုသည် ဂျန်ကီပြည်နယ် ကာရင်စီခရိုင် လမ်ပါတန်ဂျပ်ကျေးရွာရှိ စုပေါင်းဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းခွင်နေရာတွင် မိုးများသည်းထန်စွာ ရွာသွန်းမှုကြောင့် ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၅ မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံကွပ်ကဲရေးနှင့် သက်သာလျော့ပါးရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဝူးနူဂရိုဟိုက ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့်ပြောကြားခဲ့သည်။

ပျောက်ဆုံး

ယင်းသေဆုံးသူနှင့် ဒဏ်ရာရရှိသူတို့မှာ ယင်းကုမ္ပဏီမှ စူးစမ်းရှာဖွေရေးအလုပ်သမားများဖြစ်ကြောင်း ဆူတိုပိုက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံသည် မိုးရာသီအတွင်း မြေပြိုမှုများ မကြာခဏဖြစ် ပေါ်လျက်ရှိသည်။ ယင်းနေ့နံနက်ပိုင်းက အနောက်စူမတြားပြည်နယ် အဂျန်ခရိုင်တွင် မြေပြိုမှုများဖြစ်ပေါ်မှုကြောင့် လေးဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိကာ ၂၀ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

ဘရာဇီးနိုင်ငံတောင်ပိုင်း နိုက်ကလပ်မီးလောင် လူပေါင်း ၁၈၀ သေဆုံး၊ ၂၀၀ ကျော် ဒဏ်ရာရ

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂၈

ဘရာဇီးနိုင်ငံတောင်ပိုင်းရှိ လူပြည့်နှက်နေသည့် နိုက်ကလပ်တစ်ခုတွင် ဇန်နဝါရီ ၂၇ ရက်အစောပိုင်းက ကြီးမားသောမီးလောင်မှုဖြစ်ပွားရာလူ ၁၈၀ ထက်မနည်း သေဆုံးပြီး အခြား ၂၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရုပ်မြင်သံကြားက ထုတ်လွှင့်သည်။ (အပေါ်ပုံ)

မြင့်တက်လာနိုင်

"Kiss" အမည်ရှိ အဆိုပါမီးလောင်သောနိုက်ကလပ်သည် ဘရာဇီးတောင်ပိုင်း ဆန်တာမာရီယာမြို့၌ရှိပြီး စုံစမ်းစစ်ဆေးမှုတစ်ရပ်အရ မီးလောင်မှုများဆက်လက်ဖြစ်ပေါ်နေမှုကြောင့် သေဆုံးသူများ မြင့်တက်လာနိုင်ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်များ၏ ပြောကြားချက်ကို အဆိုပါရုပ်မြင်သံကြားက ထုတ်လွှင့်ပြသသည်။ နိုက်ကလပ်အတွင်း သေဆုံးသူရုပ်အလောင်း ၂၀ အထိ ရှိနိုင်သေးကြောင်း ရဲတပ်ဖွဲ့က ယုံကြည်သည်။

မီးစတင်လောင်ကျွမ်းချိန်တွင် ယင်းနိုက်ကလပ်အတွင်း ကောလိပ်ကျောင်းသားကျောင်းသူများအတွက် ပါတီပွဲတစ်ခုရှိကြောင်း ဒေသဆိုင်ရာရုပ်မြင်သံကြား ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါမီးလောင်မှုသည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၂ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နိုက်ကလပ်အတွင်းရှိ စတိတ်ခုံပေါ်တွင် ဖျော်ဖြေရေးအဖွဲ့တစ်ဖွဲ့က မီးရှူးမီးပန်းများထွန်းပြရာမှ ထိုသို့မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။

မီးပွားများ တိုးပွားလာပြီး အခန်းအတွင်း လျင်မြန်စွာကျရောက်မှုကြောင့် မီးလောင်မှုမှာ အရှိန်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ပါတီပွဲတက်ရောက်လာသူများမှာ လွတ်မြောက်ရန်ကြိုးစားရာမှ အချို့မှာ အနင်းခံရမှုများဖြစ်ခဲ့ကြောင်း၊ ယင်းနိုက်ကလပ်အတွက် ထွက်ပေါက်တစ်ပေါက်သာရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၎င်းနိုက်ကလပ်သည် လူပေါင်း ၂၀၀၀ ဆံ့ပြီး ဒေသတွင်းလူငယ်များနှင့်ကောလိပ်ကျောင်းသားများအကြား ရေပန်းစားခဲ့သည်။ **(ဆင်ဟွာ)**

တင်မောင်လွင်
စုစည်းသည်

တရုတ်က ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် စမ်းသပ် ဒေသတွင်းငြိမ်းချမ်းရေးကို ခြိမ်းခြောက်ခြင်းမဟုတ်ဟုဆို

ပေကျင်း ဇန်နဝါရီ ၂၈

တရုတ်နိုင်ငံက ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုခဲ့ပြီး ယင်းမှာ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ခြင်းမဟုတ်ကြောင်း ဇန်နဝါရီ ၂၈ ရက်က ထုတ်ဖော်ပြောကြားသည်။

စမ်းသပ်ပစ်လွှတ်

တရုတ်စစ်ဘက်က အဆိုပါအမျိုးအစားဒုံးကျည်တစ်စင်းကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၁ ရက်က ပထမအကြိမ် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ပြီးနောက် ယခု ဒုတိယအကြိမ်မြောက် စမ်းသပ်ပစ်လွှတ်ခြင်းဖြစ်သည်။ ယင်းမှာ တရုတ်နိုင်ငံ၏ ဒုံးကျည်များ၏ နည်းပညာနှင့် အရည်အသွေးမြင့်မားမှုကို ပြသခြင်းလည်းဖြစ်သည်။

အဆိုပါ ဒုံးကျည်သည် ဝေဟင်အတွင်း ရန်သူဒုံးကျည်များကို ကြားဖြတ်ဟန့်တားဖျက်ဆီးပစ်နိုင်သည့် စွမ်းရည်ရှိသည်ဖြစ်ရာ တရုတ်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာလက်နက်ကိရိယာများ၏ စွမ်းဆောင်ရည်မြင့်မားကြောင်းကိုလည်း ဖော်ထုတ်ပြသရာ ရောက်စေသည်။

ပြောကြား

ယခုဒုံးကျည်ကြောင့် တရုတ်နိုင်ငံ၏ ကာကွယ်ရေးနှင့် လုံခြုံရေးကို စွမ်းရည်ပြည့်ဝစွာ တာဝန်ယူစောင့်ရှောက်နိုင်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်သည်။ အမျိုးသားလုံခြုံရေးအဆင့်အတန်းကိုလည်း ပြသရာ ရောက်စေသည်။ သို့သော် ဒေသတွင်းငြိမ်းချမ်းရေးကို ထိခိုက်စေမှုမရှိကြောင်း တရုတ်စစ်ဘက်အရာရှိများက ပြောကြားသည်။ **(ဆင်ဟွာ)**

တရုတ်နိုင်ငံ၏ ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်တစ်စင်းကိုတွေ့ရစဉ်။

ပြည်တွင်းသတင်း

မိန့်ခွန်းပြောကြား

ဇေယျာသီရိ တပ်မတော်အားကစားကွင်းဖွင့်ပွဲနှင့် ၂၀၁၃ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ဇေယျာသီရိ တပ်မတော်အားကစားကွင်းဖွင့်ပွဲနှင့် ၂၀၁၃ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၈

ဇေယျာသီရိ တပ်မတော် အားကစားကွင်းဖွင့်ပွဲနှင့် ၂၀၁၃ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့် ခွန်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ စုစုပေါင်း အင်အား(၂၀၀၀၀)ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ အလွတ်လေထီးခုန် အရာရှိ၊ စစ်သည် ၂၀ ဦးက အမြင့်ပေ ၈၀၀၀ မှ တပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ရေ၊လေ)အလံများနှင့် တိုင်းစစ်ဌာနချုပ်အလံများ ကိုင်ဆောင်၍ အလွတ်လေထီးခုန် စွမ်းရည်ပြသကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ထို့နောက် လုံ့စွပ်ထိုး၊ တိုက်ပွဲဝင်ကိုယ်လက်ကြံ့ခိုင်ရေး၊ လက်နက်ဖြင့် ကိုယ်လက်ကြံ့ခိုင်ရေး၊ မြန်မာ့ သိုင်းစွမ်းရည်၊ တိုက်ကွမ်ဒိုစွမ်းရည်နှင့် တင်းပုတ်ဖြင့် ကိုယ်လက်ကြံ့ခိုင်ရေး သရုပ်ပြအဖွဲ့များမှ စစ်သည်များက သရုပ်ပြသကြသည်။

သရုပ်ပြ

ဆက်လက်၍ တပ်မတော်(ကြည်း) စစ်တီးဝိုင်းအဖွဲ့၊ တပ်မတော်(ရေ) စစ်တီးဝိုင်းအဖွဲ့၊ တပ်မတော်(လေ) စစ်တီးဝိုင်းအဖွဲ့နှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့များက စစ်ချီသီချင်းများနှင့် ကိုယ်စားပုံဖော်ပြသခြင်းများကို သရုပ်ပြသကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဇေယျာသီရိ တပ်မတော် အားကစားကွင်းဖွင့်ပွဲနှင့် ၂၀၁၃ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် အားကစားမြှင့်တင်ခြင်းနှင့် စွမ်းဆောင်နိုင်မှုများသည် အမျိုးသားရေးဂုဏ်သိက္ခာကို မြှင့်တင်ပေးနေသကဲ့သို့ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းလည်း ဖြစ်ကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို ရောင်ပြန်ဟပ်စေပြီး လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းနေကြောင်း။

တပ်မတော်သား အားကစားသမားများ၏ အားကစားအောင်မြင်မှုများကလည်း တပ်မတော်၏ ဂုဏ်သိက္ခာနှင့် စွမ်းရည်ထက်မြက်မှုကို ဖော်ညွှန်းပြသလျက်ရှိကြောင်း၊ ထို့ပြင် ကျစ်လျစ်ခိုင်မာသည့်တပ်တွင်းစည်းလုံးညီညွတ်မှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် ဇွဲသတ္တိပြည့်ဝမှု၊ စည်းကမ်းကောင်းမွန်မှု၊ တပ်မတော်သားများ၏ ရည်မှန်းချက် ပြီးမြောက်အောင်ဆောင်ရွက်တတ်မှုစိတ်ဓာတ်နှင့် ဓလေ့စရိုက်ကောင်းများကို ဖော်ညွှန်းနေကြောင်း။

နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ အကြိမ်ကြိမ်ရရှိခဲ့သည့် မြန်မာ့ဘောလုံးရွှေခေတ်၏ မြန်မာ့လက်ရွေးစင်အသင်းတွင် တပ်မတော်သား ဘောလုံးသမား အကျော်အမော်များ ပါဝင်ခဲ့ကြကြောင်း။

အထူးသဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရွပ်ရွပ်ချွံချွံ ထမ်းဆောင်ရင်း ကိုယ်ခန္ဓာအစိတ်အပိုင်းများ ပေးဆပ်စွန့်လွှတ်ခဲ့ရသည့် တပ်မတော်သားများသည် နိုင်ငံတကာ မသန်စွမ်း အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ပေါင်းများစွာ ရယူပေးခဲ့ပြီး မသန်သော်လည်း စွမ်းကြသည်ကို ပြသခဲ့ကြကြောင်း၊ ယင်းမှာ တပ်မတော်၏စိတ်ဓာတ်နှင့် စွမ်းရည်ထက်မြက်မှုများကြောင့် ဖြစ်ကြောင်း။

SEA Games ပြိုင်ပွဲကြီးကို အစိမ်းရောင်အားကစားပွဲ၊ သန့်ရှင်းသောအားကစားပွဲ၊ ချစ်ကြည်ရင်းနှီးသောအားကစားပွဲဖြစ်စေရေးအတွက် မဟာဗျူဟာမြောက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ဖြင့်ပြောကြားပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယနေ့ဖွင့်လှစ်သော ဇေယျာသီရိ တပ်မတော် အားကစားကွင်းကြီးသည် နေပြည်တော် ဇေယျာသီရိမြို့နယ် တပ်မတော် စစ်သမိုင်းပြတိုက်အနီးတွင် တည်ရှိသည်။

ဘောလုံးပြိုင်ပွဲများအပြင် သံပြားပစ်၊ သံလုံးပစ်၊ ကြိုးတပ်သံလုံးပစ်၊ လှံတံပစ်၊ အခက်အခဲဖြတ်ကျော်ခြင်း၊ တုတ်ထောက်ခုန်၊အမြင့်ခုန်နှင့် အလျားခုန်စသည့် အားကစားရှစ်မျိုးအား ယှဉ်ပြိုင်ကစားနိုင်မည် ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများကို နေ့ပိုင်းတွင်သာမကဘဲ ညပိုင်းတွင်ပါ ကစားနိုင်အောင် လျှပ်စစ်မီးလုံးမီးဆိုင်းများ တပ်ဆင်ထားကြောင်း၊ ၂၀၁၃ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအား ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ အားကစားနည်း ၁၅ မျိုးဖြင့်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▲ ရှေ့ဖုံးမှ

မဲခေါင်မြစ်သည် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့ကို ပိုင်းခြားထားသည့် နယ်စပ်မြစ်သဖွယ်ဖြစ်နေရာ ယခု မြန်မာ-လာအိုတံတားသည် နှစ်နိုင်ငံအတွက် ချစ်ကြည်ရေး ပေါင်းကူးတံတားဖြစ်လာမည် ဖြစ်သည်။

မဲခေါင်မြစ်သည် တရုတ်နိုင်ငံတောင်ပိုင်းမှ စီးဆင်းလာပြီး မြန်မာ၊ လာအိုနယ်စပ်များကို ဖြတ်ကာ ဗီယက်နမ်နိုင်ငံတောင်ပိုင်း မဲခေါင်မြစ်ဝှမ်းအထိ စီးဆင်းသည့်မြစ် ဖြစ်သည်။

မြန်မာ-လာအိုတံတား တည်ဆောက်ခြင်းဖြင့် ၁၉၅၅ ခုနှစ်က စတင်တည်ထောင်ခဲ့သော နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ပိုမိုခိုင်မာတိုးတက်စေရန် အကောင်အထည်ဖော်နိုင်မှုတစ်ရပ်အဖြစ်လည်း ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ ထို့အပြင် နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာစေမည်ဖြစ်ပြီး ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးများကိုလည်း ပိုမိုတိုးတက်လာစေရန် အထောက်အကူပြုစေမည်ဖြစ်သည်။

မြန်မာ-လာအိုတံတား တည်ဆောက်ရေးမှာ လာအိုဝန်ကြီးချုပ် သွန်ဆင်းသမာဗောင် မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ်က ချစ်ကြည်ရေး အလည်အပတ်ခရီး လာရောက်ခဲ့စဉ်က နှစ်နိုင်ငံအကြား ပိုမိုရင်းနှီး ထိတွေ့မှုများနှင့် ကုန်သွယ်မှုလုပ်ငန်းပြုလုပ်နိုင်ရန်အတွက် တံတားတည်ဆောက်ရေး ဆွေးနွေးခဲ့ရာမှ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ထို့နောက် နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် တံတားတည်ဆောက်ရေးအတွက် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်း၌ သဘောတူညီမှု လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ-လာအိုတံတား တည်ဆောက်နိုင်ခြင်းကြောင့် နှစ်နိုင်ငံပြည်သူများ ကူးလူးဆက်ဆံမှု ပိုမိုများပြားလာပြီး ခရီးသွားလုပ်ငန်းများလည်း တိုးတက်ဖွံ့ဖြိုးမှု တစ်နှစ်ထက်တစ်နှစ် မြင့်မားလာမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဒါးဗို့စ်မြို့၌ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး သုံးဦး တက်ရောက်ခဲ့

နေပြည်တော် ဇန်နဝါရီ ၂၈

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့၌ ဇန်နဝါရီ ၂၅ ရက်တွင်ကျင်းပသည့် Economic Leaters- Energy Architecture in-Transition နှင့် Defining the Imperatives for 2013 ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr.Ban Ki-Mon၊ ဒိန်းမတ်နိုင်ငံဝန်ကြီးချုပ် Ms. Helle Thorning-Schmidt၊ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Espen Barth Eide၊ စွမ်းအင်ဝန်ကြီး Mr.Ola Borten Moe၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Trond Giske ၊ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး Mr.Bob Carr၊ မွန်ဂိုလီးယားနိုင်ငံမှသမ္မတ၏ အထူးကိုယ်စားလှယ်၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတ၏ အထူးကိုယ်စားလှယ်၊ ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Tony Blair၊ Open Society Foundation ဥက္ကဋ္ဌ Mr.George Soros တို့အား သီးခြားတွေ့ဆုံခဲ့ပြီး ကမ္ဘာ့ထိပ်တန်း စီးပွားရေးကုမ္ပဏီကြီးများမှ CEO များနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ အလုပ်သမားရေးနှင့် အသေးစားစက်မှုလုပ်ငန်းများအတွက် ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဆွစ်ဇာလန်နိုင်ငံမှ Ms. Marie- Gabrielle Ineichen-Fleisch, State Secretary တို့၏ MoU လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် မြန်မာနိုင်ငံ၌ကျင်းပမည့် World Economic Forum on East Asia 2013 ဆောင်ရွက်ရန် Co-chair အဖွဲ့(၆)ဖွဲ့နှင့်လည်းကောင်း၊ ကျင်းပရေးလုပ်ငန်းစဉ်အသေးစိတ်ကို WEF မှ တာဝန်ရှိသူများနှင့် လည်းကောင်း ဆွေးနွေးခဲ့သည်။ ယင်းနောက် WEF EA ၌ အသေးစိတ်ဆွေးနွေးမည့် ခေါင်းစဉ်များအတွက် သက်ဆိုင်ရာ ပညာရှင်များ၊ စိတ်ဝင်စားသူများနှင့် Brain Storming Session တွင် ပါဝင်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်အတူ Congress Center ၌ပြုလုပ်သော Economic Leaters-Energy Architecture in Transition သို့ တက်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် New Energy Architecture : Speeding up the Transition ဆွေးနွေးပွဲများသို့ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေဇင်ထွန်းနှင့်အတူ တက်ရောက်၍ စွမ်းအင်ကဏ္ဍ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များနှင့် စိန်ခေါ်မှုများ၊ ဆောင်ရွက်သင့်သည့် နည်းလမ်းများနှင့် ပတ်သက်ပြီး နိုင်ငံတကာမှ စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ CEO များ၊ သုတေသီပညာရှင်ကြီးများနှင့် အမြင်ချင်းဖလှယ်ကာ မြန်မာ့စွမ်းအင်ကဏ္ဍ ပြုပြင်ပြောင်းလဲရေးတွင် အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် Mr.Jin-Yong Cai, Vice President & CEO, International Finance Corporation ၊ Dr. Harry Hendriks, Global Head, Royal Phillip Electronics, Netherland, Mr.Daniel Yargin, Chairmans HIS Cambridge Energy Reseach Associates, Mr. Paolo Scaroni, CEO , ENI spa Energy Co.,Ltd, Italy, Mr. Roberto Bocca, Director, WEF Energy Team တို့နှင့် သီးခြားစီတွေ့ဆုံ၍ မြန်မာ့စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မှုအခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် Congress Center ရှိ Casanna အစည်းအဝေးခန်းမ၌ ပြုလုပ်သော ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်အတူ World Economic Forum on East Asia 2013 တွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် Co-chair အဖွဲ့ခြောက်ဖွဲ့နှင့် လည်းကောင်း၊ ဖိုရမ်ကျင်းပရေးကော်မတီအဖွဲ့ဝင်များနှင့် ဆက်လက်တွေ့ဆုံရာတွင် လည်းကောင်း ပါဝင်ခဲ့သည်။ ယင်းနောက် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်အတူ အာရှဒေသဖွံ့ဖြိုးရေးကြိုးပမ်းဖော်ထုတ်မှု ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏လက်ရှိ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေနှင့် World Economic Forum on East Asia ကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ကျင်းပပြုလုပ်မည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
မြန်မာ့အလင်းမှာ ကြော်ငြာစို့

ဆောင်းပါးနှင့်နယ်သတင်း

အပိုင်းကိုလေးထောင့်ဖြစ်အောင် မလုပ်စေလိုပါ

ယနေ့အချိန်အခါသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ်သို့ ရောက်ရှိရန် အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းနေကြသော အချိန်အခါဖြစ်ပေသည်။ ယင်းသို့ ဆောင်ရွက်ကြရာ၌ ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်နေကြသည်ကို မျက်မြင်ထင်ရှား တွေ့ရှိနေကြရပေသည်။ ပြည်သူလူထုအား အခြေပြုသည့် စနစ်ဖြစ်ပေရာ ပြည်သူလူထုတို့၏ ဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လိုအင်ဆန္ဒများ ပြည့်ဝစေရေးတို့အတွက် နည်းလမ်းပေါင်းစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ မူဝါဒလမ်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် လွှတ်တော်သုံးရပ်မှလည်း ပြည်သူတို့၏ လိုလားချက်၊ ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန် "ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ လိုလားချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်"ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်လျက် ရှိကြပေသည်။ ယင်းကဲ့သို့ ရှုထောင့်အဖုံဖုံမှ လုပ်ငန်းအစုံစုံအား စီမံဆောင်ရွက်ပေးရာတွင် ပြည်သူတို့၏ နစ်နာမှု၊ ဆုံးရှုံးမှုများရှိပါက ကုစားဆောင်ရွက်ပေးနိုင်ရေးအတွက် "ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ"ကို အမျိုးသားလွှတ်တော်၌ သီးခြားဖွဲ့စည်းကာ စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်ကိုပင် တွေ့မြင်နေကြရပေသည်။

ထို့ကြောင့် ယနေ့အချိန်အခါတွင် ပြည်သူတို့အနေဖြင့် မိမိတို့တွင် နစ်နာဆုံးရှုံးမှုများရှိပါက နိုင်ငံတော်သမ္မတထံသို့ဖြစ်စေ၊ လွှတ်တော်များသို့ဖြစ်စေ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးထံသို့ဖြစ်စေ၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များထံသို့ ဖြစ်စေ၊ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများသို့ဖြစ်စေ တိုင်ကြားနိုင်ပြီဖြစ်သကဲ့သို့ တိုင်ကြားနေကြသည်ကိုလည်း တွေ့ရှိနေကြရပါသည်။

ဤနေရာတွင် စာရေးသူအနေဖြင့် အလေးထား တင်ပြလိုသည်မှာ ပြည်သူတို့အနေဖြင့် မိမိတို့၏ နစ်နာမှု၊ ဆုံးရှုံးမှုများရှိပါက မှန်မှန်ကန်ကန် တင်ပြရန်လိုကြောင်း အသိပေးလိုခြင်းဖြစ်ပါသည်။ ယင်းသို့ တင်ပြရခြင်းမှာ အကြောင်းရှိပါသည်။ စာရေးသူသည် အုပ်ချုပ်ရေးဆိုင်ရာဌာနတွင် တာဝန်ထမ်းဆောင်နေရသူတစ်ဦးဖြစ်ရာ တိုင်စာကိစ္စရပ်များကို နေ့စဉ်ထိတွေ့ ဖြေရှင်းနေရသည်။ ယင်းသို့ဖြေရှင်းရာ၌ မိမိဌာနသို့ တိုက်ရိုက်ပေးပို့လာသော တိုင်စာများအား စစ်ဆေးဖြေရှင်းနေရသည်များရှိသကဲ့သို့ အထက်ဌာနအဆင့်ဆင့်မှ စစ်ဆေးဖြေရှင်းပေးရန် ပေးပို့လာသည့် ကိစ္စရပ်များလည်းရှိပါသည်။ ထိုထိုသော ကိစ္စရပ်များတွင် ပြည်သူလူထုအမျိုးမျိုးတို့၏ မြားမြောင်လှစွာသော ကိစ္စရပ်များ များစွာပါဝင်ပေသည်။ အမှန်တကယ်နစ်နာသဖြင့် တိုင်ကြားသည့်ကိစ္စရပ်များ ပါဝင်သလို မိမိ၏အလိုဆန္ဒမပြည့်ဝသဖြင့် တိုင်ကြားသည့် ကိစ္စရပ်များလည်း ပါဝင်နေသည်ကို တွေ့ရှိရပါသည်။

စာရေးသူ စစ်ဆေးခဲ့ရသော အမှုကိစ္စလေးတစ်ခုကို တင်ပြလိုပါသည်။ စာရေးသူသည် လက်ရှိတာဝန်ထမ်းဆောင်ရာ မြို့နယ်သို့ ရာထူးတစ်ဆင့်တိုးမြှင့်၍ ရောက်ရှိခဲ့ရသည်။ ရောက်ရောက်ချင်းပင်လျှင် တိုင်ကြားစာတစ်စောင်အား မှန်ကန်မှုရှိမရှိ စစ်ဆေးပေးရန် အထက်ဌာနတစ်ခု၏ တာဝန်ပေးချက်အရ စစ်ဆေးခဲ့ရပါသည်။ စာရေးသူမှာလည်း ရာထူးတိုးခါစဖြစ်နေရာ တိုင်တန်းသူ၏နစ်နာမှုအား မှန်မှန်ကန်ကန် ဖော်ထုတ်ပေးလိုစိတ် ပြင်းပြနေခဲ့သည်။ တိုင်စာတွင်လည်း လယ်ယာလုပ်ငန်းခွင်မှ မိန်းမပျိုလေးတစ်ဦးအား လူအုပ်စုဖြင့် ခြိမ်းခြောက်၍ ခေါ်ဆောင်သွားပြီး လူငယ်လေးတစ်ဦးမှ သားမယားအဖြစ် အလိုမတူဘဲ ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ လေးလခန့်အကြာတွင် လူငယ်လေး၏ မိဘများက ၎င်းလွှယ်ထားရသည့် ကိုယ်ဝန်ကို ပျက်ကျအောင်ပြုလုပ်ခဲ့ပြီး လူငယ်လေးက နှိပ်စက်သဖြင့် မခံနိုင်၍ မိဘများအိမ်သို့ ခိုး၍ ထွက်ပြေးခဲ့ကြောင်း ဖော်ပြထားရာ သားသမီးချင်း ကိုယ်ချင်းစာနာစိတ်ဖြင့်လည်း အဖြစ်မှန်အား ပေါ်ပေါက်အောင် စစ်ဆေးပေးမည်ဟု သန္နိဋ္ဌာန်ချခဲ့ပါသည်။

ထို့ကြောင့် စာရေးသူတို့စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် လိုအပ်သောသက်သေများအား သေသေချာချာတွေ့ဆုံ စစ်ဆေးမေးမြန်းခဲ့သည်။ ယင်းသို့ စစ်ဆေးမေးမြန်းရာမှ ညောင်မြစ်တူးရာ ပုတ်သင်ဥပေါ်သည့်အဖြစ်သို့ ရောက်ရှိခဲ့ရသည်။ မိန်းမပျိုလေးတင်ပြသည့် သက်သေများအား စစ်ဆေးရာမှပင် အဖြစ်မှန်အား စစ်ဆေးတွေ့ရှိခဲ့ရသည်။ အမှန်မှာ လူငယ်လေးနှင့် မိန်းမပျိုလေးမှာ မူလကတည်းက ရည်ငံနေကြသူများဖြစ်ကြသည်။ လူငယ်လေးတွင် ဇနီးရှိပြီးဖြစ်သည်။ တစ်ရွာတည်းနေကြသူများဖြစ်ရာ အတွင်းသိအစင်းသိများ ဖြစ်ခဲ့ကြသည်။ သို့ရာတွင် မိန်းမပျိုလေးမှာ လူငယ်လေးခေါ်ဆောင်ရာနောက်သို့ ကောက်ကောက်ပါအောင်လိုက်ခဲ့ပြီး နီးစပ်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့ရှေ့မှောက်၌ လက်မှတ်ရေးထိုးရန် ဆောင်ရွက်ခဲ့ကြသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများက လူငယ်လေးတွင် ဇနီးရှိမှန်းသိသဖြင့် လက်မှတ်ထိုးမပေးဟုဆိုသဖြင့် ပြန်ခဲ့ကြရသည်။ မိန်းမပျိုလေး၏ မိဘများကလည်း အိမ်ထောင်ရှိသူနောက်သို့မှ လိုက်ပြေးရပါမည်လားဟု ဒေါသထွက်ကာ ပစ်ပယ်ထားခဲ့ကြသည်။ နှစ်ဦးသားမှာမူ ပျော်ပျော်ရွှင်ရွှင် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။

လေးလခန့် အကြာတွင်တော့ ပြဿနာကစခဲ့ပါသည်။ လူငယ်လေး၏ ပထမဇနီးနှင့်ရခဲ့သော သမီးလေးမှာ နေထိုင်မကောင်းဖြစ်ရာ လူငယ်လေးမှာ စိုးရိမ်ပူပန်ခဲ့ရသည်။ ထို့ကြောင့် လူငယ်လေးသည် သမီးငယ်နေမကောင်းဖြစ်ရာသို့ အပြေးတပိုင်းသွားရောက်ကြည့်ရှုခဲ့ပါသည်။ နေမကောင်းဖြစ်နေသော သမီးငယ်နားတွင် အားပေးနှစ်သိမ့်ခဲ့သည်မှာ နာရီဝက်ခန့်ပင်ကြာအံ့မထင်ပါ။ သို့သော် မိန်းမပျိုလေးမှာမူ အမျက်ဒေါသထွက်ခဲ့ရပါပြီ။ ကြားဖူးနားဝဗဟုသုတဖြင့် ကိုယ်ဝန်ပျက်ကျစေသော ဆေးများကို သောက်ခဲ့သည်။ ထို့ပြင် တစ်ရွာတည်းနေ မိဘများအိမ်သို့လည်း ပြန်လာခဲ့တော့သည်။

မိန်းမပျိုလေးမှာ ထိုမျှဖြင့်ပင် မကျေနပ်နိုင်သေးပါ။ လူငယ်လေးမှ ၎င်းအား လူအုပ်ဖြင့်ခြိမ်းခြောက်ခေါ်ဆောင်ပြီး အလိုမတူဘဲပေါင်းသင်းနေထိုင်ခဲ့ကြောင်း သက်ဆိုင်ရာ ရဲစခန်းသို့ တိုင်ကြားခဲ့သည်။ ထို့နောက် သက်ဆိုင်ရာတရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့သည်။ မိန်းမပျိုလေး၏အချစ်မှာ စူဠသုဘဒ္ဒါလိုအချစ်မျိုးဖြစ်ခဲ့ရသည်။ သက်ဆိုင်ရာတရားရုံးမှ အမှုအားဖြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၂၀၀)အရ စစ်ဆေးခဲ့ပြီး စွပ်စွဲမှုမှာ ခိုင်လုံမှုမရှိဟုသုံးသပ်ကာ အမှုအားပလပ်ခဲ့ရသည်။ မိန်းမပျိုလေးကတော့ မကျေနပ်နိုင်ပါ။ ထို့ကြောင့် နေရာအတော်များများသို့ လိပ်မူတိုင်ကြားခဲ့ရာ အဆိုပါကိစ္စအား စာရေးသူဦးဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့က တာဝန်ယူစစ်ဆေးခဲ့ရာမှ ဖော်ပြပါဇာတ်လမ်းလေး ပေါ်လွင်လာခဲ့ခြင်းဖြစ်ပါသည်။ စာရေးသူတို့အဖွဲ့အနေဖြင့် မည်သို့မျှမတတ်နိုင်ပါ။ မိန်းကလေး၏နစ်နာမှုကို ကာကွယ်ပေးလိုပါသည်။ သို့ရာတွင် အပိုင်းကိုတော့ လေးထောင့်ဖြစ်အောင် မလုပ်နိုင်ပါ။ ထို့ကြောင့် စာရေးသူတို့စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် စစ်ဆေးတွေ့ရှိချက်များအား အထက်ဌာနသို့ ပြန်လည်တင်ပြခဲ့ရပါသည်။

စာရေးသူ လက်ရှိတာဝန်ထမ်းဆောင်ရာဒေသသို့ ရောက်ရှိသည်မှာ သုံးလမျှသာရှိပါသေးသည်။ သုံးလတာကာလအတွင်း တိုင်စာပေါင်းများစွာကိုစစ်ဆေးခဲ့ရပါသည်။ ပြည်သူတို့၏ အမှန်တကယ်နစ်နာမှုများအား တတ်အားသမျှ ဖြည့်ဆည်းပေးလိုသော ဆန္ဒဖြင့်အလေးထား၍ စစ်ဆေးပေးခဲ့ပါသည်။ ယင်းသို့စစ်ဆေးရာမှ တိုင်ကြားသူအမျိုးမျိုးကို တွေ့ရှိခဲ့ရပါသည်။ အချို့တိုင်ကြားသူများမှာ အမှန်တကယ်နစ်နာ ဆုံးရှုံးမှုရှိသဖြင့် တိုင်ကြားခြင်းဖြစ်ကြသည်။ သို့သော် တချို့သော တိုင်ကြားကြသူများမှာမူ မိမိမှန်ကန်ခြင်းမရှိကြောင်း သိရှိပါသော်လည်း အကျိုးအမြတ်ရလို၍လည်းကောင်း၊ ပုဂ္ဂိုလ်ရေးမုန်းတီးမှုများကြောင့်လည်းကောင်း လိမ်လည်၍ တိုင်တန်းကြခြင်းဖြစ်ကြောင်း တွေ့ရှိနေရသည်။ တိုင်ကြားစာ ၁၀ စောင်ရှိလျှင် လေးစောင်ခန့်မှာ အမှန်တကယ်နစ်နာမှုကြောင့် တိုင်ကြားကြခြင်းဖြစ်သော်လည်း ခြောက်စောင်ခန့်မှာမူ မမှန်မကန် တိုင်ကြားနေကြခြင်းဖြစ်ကြောင်း ဝမ်းနည်းဖွယ်ရာ တွေ့ရှိနေရသည်။

စာရေးသူအနေဖြင့် မမှန်မကန်လိမ်လည် တိုင်တန်းကြသူများအား အသိပေးလိုပါသည်။ မမှန်မကန် တိုင်ကြားခြင်းမှာလည်း ရာဇဝတ်မှုကျူးလွန်နေကြခြင်းသာဖြစ်ပါသည်။ ယင်းသို့ လိမ်လည်တိုင်တန်းခြင်းများနှင့်ပတ်သက်၍ ရာဇသတ်ကြီး ဥပဒေပုဒ်မ-၁၈၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

သော်၉(အုပ်ချုပ်ရေး)

(က) သတင်းတစ်ခုနှင့် စပ်လျဉ်း၍ ကြောင်းခြင်းရာအမှန်ကို အကယ်၍ သိခဲ့လျှင် ပြည်သူ့ဝန်ထမ်းက ပြုထိုက်သည်မဟုတ်သော အမှုကို ပြည်သူ့ဝန်ထမ်းအား ပြုစေရန် သို့တည်းမဟုတ် ပျက်ကွက်ထိုက်သည်မဟုတ်သော ပျက်ကွက်မှုကို ပြုစေရန် သို့တည်းမဟုတ်

(ခ) လူတစ်ဦးတစ်ယောက်ကို နစ်နာစေခြင်းငှာ သို့တည်းမဟုတ် စိတ်ပြိုငြင်စေခြင်းငှာ ပြည်သူ့ဝန်ထမ်းအား သူ၏ ဥပဒေအရ အာဏာကို အသုံးပြုစေရန် ကြံရွယ်၍သော်လည်းကောင်း ပြုစေတန်ရာသည်ကို သိလျက်နှင့် သော်လည်းကောင်း ထိုပြည်သူ့ ဝန်ထမ်းကို မမှန်ကြောင်း မိမိသိသော သို့တည်းမဟုတ် မိမိယုံကြည်သော သတင်းကိုပေးလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၂၁၁ တွင်လည်း မမှန်မကန်စွပ်စွဲခြင်းများအတွက် အောက်ပါတိုင်း ပြဋ္ဌာန်းထားသည်-

မှန်သော သို့တည်းမဟုတ် ဥပဒေနှင့်ညီသော အကြောင်းယုတ္တိမရှိဟုသိလျက်နှင့် မည်သူမဆို တစ်ဦးတစ်ယောက်သောသူကို နစ်နာစေရန် အကြံဖြင့် ထိုသူအပေါ်၌ ရာဇဝတ်မှုစွဲဆိုလျှင် သို့တည်းမဟုတ် စွဲဆိုစေလျှင် သို့တည်းမဟုတ် ထိုသူအပေါ်တွင်ပြစ်မှုကျူးလွန်သည်ဟု မမှန်မကန်စွပ်စွဲလျှင် ထိုသူကို နှစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

(မှတ်ချက်။ ရာဇသတ်ကြီးပါ စာလုံးပေါင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။)

ဤနေရာတွင် ဖြည့်စွက်တင်ပြလိုပါသည်။ ယင်းမှာ တိုင်စာရေးသားပေးနေကြသူများအကြောင်း ဖြစ်ပါသည်။ တိုင်ကြားသူအများစုမှာ တိုင်စာ ရေးသားတတ်ကြသူများမဟုတ်ပါ။ မည်သည့်နေရာသို့လိပ်မူ၍ ပေးပို့ရမည်ကို ပို၍ပင်မသိကြပါ။ ထိုအခါ တိုင်စာ ရေးသားပေးကြသူများ၏ အခန်းကဏ္ဍမှာ အရေးပါလာကြသည်။ အချို့မှာ ဝါသနာအရသော်လည်းကောင်း၊ စေတနာအရလည်းကောင်း မှန်မှန်ကန်ကန် တိုင်စာရေးသားပေးကြသူများ ဖြစ်သော်လည်း အချို့မှာ ငွေကြေးရယူ၍ လက်ခံ ရေးသားပေးနေကြသည်ကိုလည်း တွေ့ရှိနေကြရသည်။ ၎င်းတိုင်စာရေးသားကြသူတို့သည် မိမိတို့ရေးသားပေးသော တိုင်စာများအား ထိရောက်စေလိုသဖြင့် ဇာတ်နာအောင် ချဲ့ကား ရေးသားကြသည်ကိုလည်း တွေ့ရှိနေကြရပေသည်။ ယင်းသို့ပုံကြီးချဲ့ ရေးသားမှုများကြောင့်လည်း အမှန်တရားနှင့်လွဲချော်ကာ ကာယကံရှင်မှာ ပိုမို၍ နစ်နာသွားနိုင်သည်။ ထို့ကြောင့် တိုင်စာရေးသားပေးကြသူများအနေဖြင့် သက်ဆိုင်ရာနစ်နာသူအတွက် ကူညီပေးလိုသော ဆန္ဒဖြင့် မှန်မှန်ကန်ကန် ရေးသားတိုင်ကြားပေးခြင်းမှာ ဖြစ်သင့်ဖြစ်ထိုက်သော်လည်း မမှန်မကန် လီဆယ်၍ ရေးသားတိုင်ကြားခဲ့ပါမူ တိုင်စာရေးသားပေးသူမှာ အထက်ဖော်ပြပါပုဒ်မများနှင့် ငြိစွန်းကာ အရေးယူခြင်းခံရနိုင်သည်ကို သတိချပ်သင့်သည်။

စာရေးသူတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည်။ သို့ဖြစ်ပါ၍ ပြည်သူတို့၏ ဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု လေးလေးနက်နက်ခံယူပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ချမှတ်ထားသည့် "သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်" ဖြစ်စေရန်ဟူသော မူဝါဒများနှင့်အညီ ပြည်သူတို့၏ လိုအင်ဆန္ဒများကို တတ်စွမ်းသမျှ မှန်မှန်ကန်ကန် ဖြည့်စွမ်းပေးလိုပါသည်။ သို့သော်လည်း မမှန်မကန်လိမ်လည် တိုင်တန်းထားသည့် တိုင်စာများအား စစ်ဆေးခြင်းအတွက်တော့ အချိန်အကုန်မခံလိုပါ။ ယင်းအချိန်များအတွင်း ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အားစိုက်ဆောင်ရွက်ရပါက ပြည်သူတို့အတွက် ပိုမို၍ အကျိုးရှိမည်ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူအနေဖြင့် ပြည်သူတို့အား တင်ပြလိုပါသည်။ "တိုင်တာမှန်ပါသည်။ သို့သော် မှန်မှန်ကန်ကန်တိုင်ရန်တော့လိုပါသည်" ဟူ၍သာ-----။

ဓာတ်အားပိုမိုကောင်းမွန်စေရန် ထရန်စဖော်မာ တိုးမြှင့်တပ်ဆင်

ရွှေကူ ဇန်နဝါရီ ၂၈

ကချင်ပြည်နယ် ရွှေကူမြို့ ၆၆/၁၁ ကေဗွီ ပင်မဓာတ်အားခွဲရုံမှ ၆၆/၁၁ ကေဗွီ ၁၀၀၀ ကေဗွီအေ ထရန်စဖော်မာအား ယခင်ဓာတ်အားထက် ပိုမိုကောင်းမွန်စေရန် ၆၆/၁၁ ကေဗွီ ၃၀၀၀ ကေဗွီအေ ထရန်စဖော်မာတိုးမြှင့်တပ်ဆင်ခြင်းကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းရုံးချုပ်မှ ဆောင်ရွက်ခွင့်ပြုပြီး ၆၆/၁၁ ကေဗွီ ၃၀၀၀ ကေဗွီအေ ထရန်စဖော်မာအား ဇန်နဝါရီ ၂ ရက်က ရွှေကူမြို့သို့ ရောက်ရှိခဲ့သည်။

ပင်မဓာတ်အားခွဲရုံတွင် ၃၀၀၀ ကေဗွီအေ ထရန်စဖော်မာ သယ်ယူခြင်း၊ တိုးမြှင့်တပ်ဆင်ခြင်းကို ဒုတိယပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှကြည်ဦးစီး၍ ဓာတ်အားတိုးမြှင့်တပ်ဆင်ရေး ကော်မတီဝင်များ၊ မြို့နယ် လျှပ်စစ်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၅ ရက် ညနေ ၅ နာရီခွဲတွင် မြို့နယ်တွင်းရှိ ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ ဝန်အားပြည့်၊ ဗို့အားပြည့် ဓာတ်အားဖြန့်ဖြူးပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အောင်လံမြို့တွင်း ပြည်လမ်းတစ်လျှောက် လမ်းမီးတိုင်များ မီးလင်းရေးဆောင်ရွက်

အောင်လံ ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် ခရိုင်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှု၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့ပေါ် ကိုးရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ ပံ့ပိုးကူညီမှုဖြင့် အောင်လံမြို့တွင်း ပြည်လမ်းမတစ်လျှောက်ရှိ လမ်းမီးတိုင်များ ညစဉ်မီးလင်းရေးအတွက် ဇန်နဝါရီ ၁၄ ရက်က မြို့တွင်းလမ်းမီးတိုင် ၁၂၀ ကို မြို့နယ်လျှပ်စစ်လိုင်းဝန်ထမ်းများက တပ်ဆင်ဆောင်ရွက်ပေးကြောင်း သိရှိရသည်။

၎င်းအောင်လံမြို့တွင်း ပြည်လမ်းမ တစ်လျှောက်ရှိ လမ်းမီးတိုင်များ ညစဉ် မီးလင်းရေးအတွက် မြို့ပေါ်ကိုးရပ်ကွက် အုပ်ချုပ်ရေးမှူးများက ၆၅၀ပ် မီးလုံး မီးအုပ်ဆောင်းနှင့် ပိုက်များ၊ မီးဝိုင်ယာကြိုးများ စုစုပေါင်း ကုန်ကျစရိတ် ငွေကျပ် ၁၄၄၀၀၀၀ ကို ပံ့ပိုးကူညီပေးခဲ့၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မင်းဦးနှင့် လိုင်းဝန်ထမ်းများက မီးလင်းရေး တပ်ဆင်ဆောင်ရွက်ပေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဓာတ်အားခများကို ပေးဆောင်မည်ဖြစ်ကြောင်း သိရှိရသည်။

လှထွန်း(အောင်လံ)

မြဝတီရုပ်မြင်သံကြား

၂၉-၁-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၃ တရားတော်

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၅၅ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (သင်္ချာ)

၄း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွင်ပြင် ဒုတိယတွဲ** (အပိုင်း-၇၄)

၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လင်းလက်ကြယ်ပွင့်**(အပိုင်း-၂၉)

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်သူ့တရားရှင် ပေါင်ချိန်** (အပိုင်း-၄)

လွှတ်တော်ရေးရာကဏ္ဍ

❍ ပြည်သူ့လွှတ်တော်မှ

နိုင်ကြပါဘူး၊ ဘယ်လိုဥပဒေကိုပဲဖြစ်ဖြစ် ပြည်သူတွေ သိရှိနားလည်စေဖို့ ရှင်းပြသင့်ပါတယ်၊ ပြည်သူအများစုဟာ စာဖတ်နိုင်မှုနည်းပါးပြီး ဥပဒေတွေကိုလည်း နားမလည်ကြပါဘူး၊ ဒါကြောင့်မို့ ပြည်သူအများစု သိသင့်တဲ့ ဥပဒေကို ပြည်သူတွေ နားလည်လွယ်တဲ့ စကားစုတွေနဲ့ ကျယ်ပြန့်စွာ ရှင်းလင်းပြသင့်ပါတယ်၊ ဒါမှသာ ပြည်သူတွေက မိမိတို့ လိုက်နာရမယ့်ဥပဒေတွေကိုသိရှိပြီး လိုက်နာနိုင်မှာဖြစ်ပါတယ်”ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

မေးခွန်းမေးမြန်းဖြေကြားခြင်းကဏ္ဍ၌ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်က **အစိုးရဌာနအသီးသီးရှိ လုပ်ငန်းအတွေ့အကြုံရှိပြီး ကျွမ်းကျင်သောဝန်ထမ်းများအား ရာထူးအလိုက်တိုးမြှင့်ထမ်းဆောင်သင့်သောအချိန်တွင် တာဝန်၊ ရာထူးတိုးမြှင့်ထမ်းဆောင်နိုင်ရန် အသက် (၆၀) ပြည့်သွားသောဝန်ထမ်းများအား နေရာဖယ်ရှားပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးမြန်းခဲ့ရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က နိုင်ငံ့တာဝန်ထမ်းဆောင်ပြီး အသက် (၆၀) ပြည့်သွားသော်လည်း နိုင်ငံတော်အတွက် လုပ်ငန်းလိုအပ်ချက်အရ ဆက်လက်တာဝန်ထမ်းဆောင်ရန် လိုအပ်သည့်အချိန်များတွင် သို့မဟုတ် အစားထိုး တာဝန်ပေးအပ်ရမည့် ဝန်ထမ်းများအဖြစ် ကျွမ်းကျင်မှု၊ လုပ်သက်နုနယ်နေ၍ ပူးတွဲတာဝန်ထမ်းဆောင်ရန် လိုအပ်သည့်အချိန် သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုအတွက် လိုအပ်ချက်အရ အကြံပေးအရာရှိအဖြစ် ဆက်လက်ခန့်ထား တာဝန်ပေးခဲ့ရသည်များရှိခဲ့ပါကြောင်း၊ ထိုသို့ရှိခဲ့လျှင်လည်း နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခွင့်ပြုချက်ရယူပြီး အစိုးရအဖွဲ့အစည်းအဝေးတွင် ဆုံးဖြတ်ချက်ရယူဆောင်ရွက်ရပါကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်ပြီး အသက် (၆၀) ပြည့်သွားသော်လည်း အကြံပေးအဖြစ် ဆက်လက်ခန့်ထားရသည့် အဓိကအကြောင်းအရင်းမှာ အချို့သောဌာနများတွင် ရာထူးကို အစားထိုး ခန့်ထားရမည့်ပုဂ္ဂိုလ်၏ အရည်အချင်းပြည့်မီမှုမရှိခြင်း၊ လုပ်ငန်းဆိုင်ရာအရည်အချင်းနှင့်ပတ်သက်၍ အထက်အကြီးအကဲ၏ ယုံကြည်မှု အပြည့်အဝမရရှိခြင်းတို့ကြောင့် ဖြစ်ပါကြောင်း။

ထို့ကြောင့် တာဝန်ကိုဆက်လက်လွှဲပြောင်းယူရမည့်ပုဂ္ဂိုလ်၏ အရည်အသွေး၊ အရည်အချင်းပြည့်ဝမှုကို ယုံကြည်စိတ်ချရဖွယ် မရှိသေးသည့်တွက် လက်ရှိတာဝန်ထမ်းဆောင်နေသူကိုသာ အကြံပေးအဖြစ် ဆက်လက်တာဝန်ပေးပြီး ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ပေးရခြင်းဖြစ်ပါကြောင်း၊ အချို့သောဝန်ကြီးဌာနများတွင် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေသော အရာရှိတစ်ဦးသည် မိမိထမ်းဆောင်နေသော ရာထူးအဆင့်၏အထက် နှစ်ဆင့်မြင့်ကို ထမ်းဆောင်နိုင်အောင် လေ့ကျင့်ထားသကဲ့သို့ မိမိအောက် နှစ်ဆင့်အထိဆင်းပြီး အလုပ်လုပ်နိုင်အောင် လေ့ကျင့်ထားပါကြောင်း၊ ထို့အတူ ဝန်ထမ်းတိုင်းသည် မိမိကိုပေးအပ်လာသော အဆင့်မြင့် တာဝန်များကို အရည်အချင်းပြည့်ဝစွာဖြင့် တာဝန်ထမ်းဆောင်နိုင်အောင် အမြဲကြိုးစားလေ့ကျင့်နေရမည် ဖြစ်ပါကြောင်း။

ရာထူးကိုသာရယူလိုပြီး အရည်အချင်းမပြည့်မီပါက ရာထူးတိုး ခန့်အပ်နိုင်မည်မဟုတ်ပါကြောင်း၊ အထူးသဖြင့် နည်းပညာပိုင်းနှင့်ပတ်သက်၍ ရာထူးတိုးပြီး နေရာလွှဲပြောင်းလက်ခံရယူမည့် ပုဂ္ဂိုလ်များသည် အရည်အချင်းပြည့်ဝကောင်းမွန်နေအောင် ကြိုးပမ်းဆောင်ရွက်နေရန် လိုအပ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် အရည်အသွေးပြည့်ဝနေပါက မျိုးဆက်သစ်များကို လိုလိုလားလား တာဝန်ပေး ခန့်အပ်သွားမည်ဖြစ်ပါကြောင်း၊ ကျွမ်းကျင်သူခန့်အပ်မှုအနေဖြင့် လစ်လပ်သွားသော ၎င်း၏ရာထူးနေရာတွင် အခြားတစ်ဦးကို အစားထိုးခန့်အပ်သည့်အတွက် ၎င်းအနေဖြင့် ကျွမ်းကျင်သူအဖြစ်သာ သီးခြားတာဝန်ထမ်းဆောင်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရှင်အချို့နှင့် လုပ်ငန်းလိုအပ်ချက်အရ အချို့သော ပုဂ္ဂိုလ်များကိုသာ သီးသန့်ရွေးချယ်ပြီး အကြံပေးအရာရှိအဖြစ် ခန့်အပ်ခြင်းဖြစ်ပါကြောင်း၊ နောင်အခါများတွင်မူ အကြံပေးပုဂ္ဂိုလ်အဖြစ် မခန့်အပ်တော့ဘဲ ကျွမ်းကျင်သူအဖြစ်သာ ခန့်အပ်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

မေးခွန်းရှင် ဦးအေးမောက်က “ကျွန်တော်ဆိုလိုတာက တစ်ဆင့်၊ တစ်ဆင့်တက်ဖို့ဆိုတာ တော်တယ်၊ တကယ်လည်းထိုက်သင့်တယ်ဆိုရင် သူ့ရာထူးကိုတော့ သူလိုချင်တယ်၊ ဒါပေမယ့်လည်း သူ့ရှေ့ကနေ လက်ရှိလူတွေက အသက် (၆၀) ကျော်ပေမယ့် မရှိမဖြစ်လို့ပြောပြီး Extensionနဲ့ ဆက်လုပ်နေကြတယ်၊ အဲဒီတော့ ကျွမ်းကျင်သူဆိုတာနဲ့ပဲခန့်ပြီးတော့ သူ့ကိုဖယ်လိုက်လို့ရှိရင် နောက်လူတွေက ဆက်တိုက်တက်သွားမယ်၊ မကျွမ်းကျင်တဲ့လူကို ရာထူးတိုးပေးဖို့မဟုတ်ဘူး၊ အသက် (၆၀) ပြည့်တဲ့လူတွေကို အကြံပေးရာထူးနေရာမရှိရင် ကျွမ်းကျင်သူအနေနဲ့ ခန့်ထားပေးပါ၊ လိုအပ်ရင် ဥပဒေပြုပြီးတော့ လုပ်ပေးစေလိုပါတယ်”ဟု အကြံပြုပြောပြခဲ့သည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ **မြန်မာနိုင်ငံ ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်နှုန်းထားများကိုအသစ်ပြောင်းလဲပြင်ဆင်ပြဋ္ဌာန်းသတ်မှတ်သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၁၂)နှင့် (၁၂၃/၂၀၁၂)အပါအဝင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃)နှင့်(၅) ရုံးခွန်နှင့် တံဆိပ်ခေါင်းအခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေများကို အခြေခံ၍ လက်ရှိပြင်ဆင်သတ်မှတ်ထားသော ရုံးခွန်၊ တံဆိပ်ခေါင်းခွန်နှုန်းထားများနှင့်ပတ်သက်၍ ပြန်လည်စဉ်းစားသုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား ဤလွှတ်တော်မှ တိုက်တွန်းကြောင်း** အဆိုကို သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ယခုအခါ ခေတ်နှင့်လျော်ညီမှု မရှိခြင်း၊ ငွေကြေးဖောင်းပွမှုများရှိခြင်းနှင့် စရိတ်စကများ ကြီးမြင့်လာခြင်းတို့ကြောင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် တံဆိပ်ခေါင်းခွန်နှုန်းထားများနှင့် ရုံးခွန်နှုန်းထားများအား ပြင်ဆင်ရန်လိုအပ်လာသည့်အတွက် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း။

ထို့ပြင် ဒီမိုကရေစီစနစ်နှင့်ဆီလျော်၍ တိုးတက်ပြောင်းလဲနေသော ခေတ်နှင့်ကိုက်ညီမည့်အချက်များနှင့်အညီ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲပါဇယား ၁ နှင့် ရုံးခွန်အက်ဥပဒေ နောက်ဆက်တွဲဇယား ၁ နှင့် ၂ ပါနှုန်းထားများကို ပြင်ဆင်ရန်အတွက် ဆောင်ရွက်ခဲ့ပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၁၂)ဖြင့် မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန်အက်ဥပဒေပါ ဇယား ၁ တွင်ပါရှိသည့် နှုန်းထားများ၊ အမိန့်ကြော်ငြာစာ အမှတ်(၁၂၃/၂၀၁၂) ဖြင့် ရုံးခွန်အက်ဥပဒေပါ ဇယား ၁ နှင့် ၂တို့တွင် ပါရှိသည့်နှုန်းထားများကို ပြင်ဆင်ခဲ့ပါကြောင်း။

ရုံးခွန်တစ်ကျပ်ခန့်သာ ကျသင့်သော်လည်း တတိယအကြိမ်ပြင်ဆင်သည့် ၂၀၁၂ ခုနှစ်တွင် ရုံးခွန်နှိပ်တစ်ရွက်လျှင် ပုံနှိပ်ခ (၁၅၀) ကျပ်ခန့်ကျသင့်လျက်ရှိပါကြောင်း၊ သယ်ယူဖြန့်ဖြူးစရိတ်များလည်း ပိုမိုလာခဲ့ပါကြောင်း၊ ငွေလဲလှယ်နှုန်းအနေဖြင့်လည်း ၁၉၉၀ ပြည့်နှစ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် (၅)ကျပ် ပြား (၆၀) ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် (၈၅၀) ပတ်ဝန်းကျင်ရှိနေပါကြောင်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၏ တန်ဖိုးအနေဖြင့်လည်း ၁၉၉၀ ပြည့်နှစ် အခြေအနေနှင့် နှိုင်းယှဉ်ပါက ၂၀၁၂ ခုနှစ်တွင် အဆ (၂၀၀) ခန့်မြင့်တက်နေသည်ကို တွေ့ရှိရပါကြောင်း။

ပြင်ဆင်သတ်မှတ်ထားခဲ့သော ရုံးခွန်၊ တံဆိပ်ခေါင်းနှုန်းထားများကို လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိစေရန်စိစစ်သုံးသပ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က ပြင်ဆင်တင်ပြချက်ကို သဘောတူခွင့်ပြုခဲ့သည့်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ဇန်နဝါရီ ၂၃ ရက်တွင် အမိန့်ကြော်ငြာစာထုတ်ပြန်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် အဆိုကို မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင်ဦးသိန်းညွန့်က အဆိုကို မှတ်တမ်းတင်ထားရှိလိုကြောင်း တင်ပြရာ လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပြီး အစည်းအဝေး ဒသမနေ့ကို ဇန်နဝါ ရီ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

❒ အမျိုးသားလွှတ်တော်မှ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က ပြည်ပသို့ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ သွားရောက်ရန် နိုင်ငံခြားရေးရာ မူဝါဒကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ထုတ်ပြန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်စရိတ်ကို ကျခံသုံးစွဲပြီး ပြည်ပသို့ စေလွှတ်ရန်ရှိသည့် ခရီးစဉ်များနှင့် ပတ်သက်ပြီး မိမိနိုင်ငံ၊ မိမိဝန်ကြီးဌာနအတွက် အမှန်တကယ် ထိရောက်အကျိုးရှိမည့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများကိုသာ အနည်းဆုံးအင်အားဖြင့် စုဖွဲ့ပြီး တက်ရောက်စေရန်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အမှာစာများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအသီးသီးမှစေလွှတ်မည့် ကိုယ်စားလှယ်အဖွဲ့များနှင့် ပတ်သက်ပြီး မဖြစ်မနေသွားရမည့်ကိစ္စ၊ မိမိနိုင်ငံအတွက် အကျိုးရှိမည့် ကိစ္စရပ်များကိုသာ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြု ဆုံးဖြတ်နိုင်ရန်အတွက် နိုင်ငံခြားရေးရာ မူဝါဒကော်မတီက စိစစ်ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း။

ဆောင်ရွက်ပေးလျက်ရှိ

ပြည်ထောင်စုဝန်ကြီးဌာနများမှ အစိုးရဝန်ထမ်းများသည် ပြည်ပအစည်းအဝေး တက်ရောက်ရန် အပါအဝင် ပြည်ပသို့ခရီးသွားလာမှုများမှာ အစိုးရအဖွဲ့အစည်းအဝေးက အတည်ပြုမှသာ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် နိုင်ငံခြားငွေ သုံးစွဲခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံခြားရေးရာ မူဝါဒကော်မတီက စိစစ်အတည်ပြုချက်ရရှိပြီးသည့် အစိုးရကိုယ်စားလှယ်များအတွက် ပြည်ပခရီးသွားလာခွင့် အမိန့်နှင့် နိုင်ငံခြားငွေသုံးစွဲခွင့်ကို ထုတ်ပြန် ခွင့်ပြုဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ခရီးစဉ်စိစစ်ခွင့်ပြုခြင်းများကိုလည်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်က **လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက နိုင်ငံတစ်နိုင်ငံအတွက် သန်းခေါင်စာရင်းသည် အလွန်အရေးကြီးပါကြောင်း၊ တစ်နိုင်ငံလုံး၏ လူဦးရေ၊ လူမှုရေး၊ စီးပွားရေးအခြေအနေတို့ကို သန်းခေါင်းစာရင်းတွင် ကြည့်ခြင်းအားဖြင့် သိနိုင်ပါကြောင်း၊ တစ်နိုင်ငံလုံးနှင့် တစ်မျိုးသားလုံး စီမံကိန်းများရေးဆွဲရာတွင် လည်းကောင်း၊ ဒေသအလိုက် စီမံကိန်းများကို ရေးဆွဲရာတွင် လည်းကောင်း သန်းခေါင်စာရင်းကို အခြေခံ၍ တိတိကျကျ ရေးဆွဲနိုင်ကြောင်း၊ တိုင်းရင်းသားလူမျိုးတို့၏အခြေအနေကိုသိပြီး တိုင်းရင်းသားလူမျိုးအလိုက် လိုအပ်သည့် စီမံကိန်းများကိုလည်း ရေးဆွဲနိုင်ကြောင်း၊ ဝန်ကြီးဌာနအလိုက် စီမံကိန်းများရေးဆွဲရာတွင်လည်း တိကျမှန်ကန် ပြည့်စုံသည့် သန်းခေါင်စာရင်းကို အခြေခံပြီး ရေးဆွဲနိုင်ပါကြောင်း၊ သန်းခေါင်စာရင်းကိုကြည့်ခြင်းအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုကို သိနိုင်ပါကြောင်း၊ မည်သို့ပြုပြင်ရမည်ကို မှန်ကန်သည့် နည်းလမ်းရှာဖွေတွေ့ရှိနိုင်ပါကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ခံခြင်းသည် အလွန်အရေးကြီးသည့် အလွန်တန်ဖိုးရှိသည့် အလုပ်တစ်ခုဖြစ်ပါကြောင်း၊ တစ်မျိုးသားလုံး လှုပ်ရှားမှုအနေဖြင့် လုပ်ဆောင်ရမည့် အမျိုးသားရေးအလုပ်တစ်ခုဖြစ်သည့်အတွက် ယင်းဥပဒေကြမ်းသည် အလွန်အရေးကြီးပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်တင်သွင်းထားသည့် **အခြေခံပညာ ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းဆွေးနွေးပွဲများ ဖြည့်ဆည်းကူညီပံ့ပိုးပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က ဆွေးနွေးကြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှေက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ကျင်းပမည်

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၈

စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဘာသာရပ်သည် လက်ရှိအချိန်တွင် ရေပန်းစားလျက်ရှိကြောင်း၊ အထူးသဖြင့် စီးပွားရေးအခြေအနေ လျင်မြန်စွာ ပြောင်းလဲတိုးတက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ အနေအထားအရ သက်ဆိုင်သူအားလုံးအတွက် အသုံးဝင်မည်ဖြစ်၍ ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်းဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ကျင်းပသည့်စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းလိုက်ခြင်းကို နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမည့်သူများက များစွာ စိတ်ဝင်စားကြပါကြောင်း၊ မြန်မာနိုင်ငံတွင် ထုတ်ယူသုံးစွဲခြင်း မပြုရသေးသည့် သဘာဝသယံဇာတများစွာရှိပါကြောင်း၊ စီးပွားရေးလုပ်ငန်းပေါင်းစုံအတွက် အခွင့်အလမ်းများစွာရှိပါကြောင်း၊ စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေး ဘာသာရပ်အတွက် ကုလသမဂ္ဂကချမှတ်ထားသည့် လမ်းညွှန်မူဝါဒများတွင် နိုင်ငံအစိုးရသည် လူ့အခွင့်အရေးအတွက် အကာအကွယ်ပေးရန်၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာက သတ်မှတ်ထားသည့် လူ့အခွင့်အရေး ကာကွယ်ရေးကို လေးစားရန်နှင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ကုစားမည့်နည်းလမ်းရှာဖွေရန် စသည်တို့ပါရှိကြောင်းဖြင့် ဆက်လက်ပြောကြားသည်။

ယင်းနောက် Raoul Wallen - berg Institute (RWI) မှ ပညာရှင် Professor Brian Burdekin က နှုတ်ခွန်းဆက်စကား ပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ဆွီဒင်နိုင်ငံ Raoul Wallenberg Institute of Human Rights and Humanitarian Law (RWI)တို့ပူးပေါင်း၍ ဆွီဒင်နိုင်ငံတကာ ဖွံ့ဖြိုးမှုအစီအစဉ်(Sida)၏ ပံ့ပိုးမှုဖြင့် ကျင်းပခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖြူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ ပြည်သူတို့၏အသံများကို ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာနားထောင်၍ ပြည်သူတို့၏ လိုအပ်ချက်နှင့် လိုလားချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ဖြူးမြို့နယ် ပရိယတ္တိသာသနာ့ဗိမာန်တော်၌ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဖြူးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ ရွေးချယ်တင်မြှောက်ထားသော ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့ ယခုကဲ့သို့ရောက်ရှိလာကြခြင်းမှာ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် ဒေသခံပြည်သူများ၏ ဆန္ဒများ၊ လိုအပ်ချက်များနှင့် လိုလားချက်များကို မေးမြန်းသိရှိလို၍ဖြစ်ကြောင်း၊ ဖြူးမြို့နယ်သည် တောင်ငူခရိုင်၏ တောင်ဘက် အစွန်ဆုံးမြို့နယ်ဖြစ်ပြီး ဆက်စပ်မြို့နယ်သည် ကျောက်ကြီးမြို့ဖြစ်ကြောင်း၊ ထူးခြားချက်အနေဖြင့် ဖြူးမြို့နှင့် ကျောက်ကြီးမြို့တို့သည် တောင်ငူခရိုင်အတွင်းရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးမှုနောက်ကျသည်ကို တွေ့ရှိရကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ယခင်က လက်နက်ကိုင်ပဋိပက္ခများ ရှိခဲ့သည့်အတွက် ကျောက်ကြီးမြို့နယ်နှင့် ဖြူးမြို့နယ်တို့မှာ အထူးခံစားခဲ့ရကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် ဖွံ့ဖြိုးမှုနောက်ကျခဲ့သည်ဟု ဆိုနိုင်ကြောင်း။

ယခုအခါ အဆိုပါ မြို့နယ်(၂)မြို့နယ်တွင် နယ်မြေတည်ငြိမ်အေးချမ်းမှု တိုးတက်ကောင်းမွန်လာပြီဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း၊ ယခုအချိန်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာနယ်မြေဒေသအလိုက် ရပ်မိရပ်ဖ၊ ပြည်သူများ၏ ဆန္ဒအတိုင်း ရွေးချယ်တင်မြှောက်ခွင့်ရရှိပြီဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရန်အတွက် ပါတီများစွာလည်း ရှိလာပြီဖြစ်ကြောင်း၊ ပြည်သူကယုံကြည်၍ ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များအနေဖြင့် မိမိဒေသနှင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိကြောင်း၊ လွှတ်တော်အနေဖြင့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေများ ပြဋ္ဌာန်းခြင်းများကို လွှတ်တော်ကျင်းပနေစဉ် ကာလအတွင်း ပြည်သူ့အကျိုးရှေးရှုကာ ဆောင်ရွက်လျက်ရှိနေသကဲ့သို့ လွှတ်တော်နားနေချိန်များတွင်လည်း ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများအကြား ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာကာ ပြည်သူနှင့် ထိတွေ့ဆက်ဆံရန်လိုအပ်ကြောင်း၊ သို့မှသာ ပြည်သူတို့၏ ဆန္ဒနှင့်လိုအပ်ချက်များကို သိရှိကြရမည်ဖြစ်ပြီး ပြည်သူ့အကျိုးစီးပွားများဖြစ်ထွန်းစေရန်နှင့် ပြည်သူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးနိုင်ကြမည်ဖြစ်ကြောင်း။

ထို့အပြင် ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ပြည်သူနှင့် ထိတွေ့ဆက်ဆံနေရသည့်အတွက် အလွန်အရေးကြီးကြောင်း၊ မတရားမှု၊ မမျှတမှု၊ ခွဲခြားဆက်ဆံမှုများကို ပြည်သူများက မလိုလားသည့်အတွက် အထူးဂရုပြုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခု ရွေးချယ်တင်မြှောက်ထားပြီးဖြစ်သည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် များမကြာမီကာလတွင် အသက်ဝင်လာတော့မည်ဖြစ်ကြောင်း၊ ထို့အတွက် အုပ်ချုပ်ရေးမှူးများသည် တရားမျှတစွာ ဥပဒေနှင့်အညီ ရပ်ရွာအကျိုး၊ ဒေသအကျိုးကို ကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို ပြည်သူများက လေးစားစွာလိုက်နာ နေထိုင်ကြရန်လိုအပ်သကဲ့သို့ ဥပဒေပြဋ္ဌာန်းသည့် အဖွဲ့အစည်းများနှင့်ထိန်းသိမ်းစောင့်ရှောက်နေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကလည်း လေးစားစွာ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း၊ တရားဥပဒေစိုးမိုးရန်ကိစ္စရပ်များမှာ အစိုးရတစ်ခုတည်းအနေဖြင့် ဆောင်ရွက်၍ မရဘဲ ပြည်သူတစ်ရပ်လုံးကပါ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူကိုကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအစိုးရအဖွဲ့ ကိုယ်စားတာဝန်ထမ်းဆောင်ရသည့် ပြည်သူ့ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဆန္ဒကို လေးစားကာ ပြည်သူ့လိုအင်ဆန္ဒကို အဓိက ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဖြူးမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်က မြို့နယ်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသော ဒေသခံပြည်သူများက ဒေသတွင်းလိုအပ်ချက်များနှင့်ပတ်သက်၍ တင်ပြကြရာ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအမံများအပေါ် ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားပေးသည့် အတွက် မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ သို့သော် အချို့သောတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပေးနိုင်ရန် လိုအပ်နေသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်တွင် ပါတီ(၁၇)ခုမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလနှင့် တပ်မတော်သား ကိုယ်စားလှယ်များ ပါရှိပါကြောင်း၊ လွှတ်တော်တွင် ဥပဒေပြုရေးတာဝန်နှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းရေးတာဝန်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေများကိုပြဋ္ဌာန်းရန် ဆောင်ရွက်ရာတွင် ပြည်သူလူထု လေ့လာနိုင်စေရန်နှင့် ဆွေးနွေးနိုင်စေရန် သတင်းစာများတွင် ဖော်ပြပေးခဲ့ကြောင်း၊ လွှတ်တော်တစ်ခုတည်းကသာ ဥပဒေပြုခြင်းမဟုတ်ဘဲ သက်ဆိုင်ရာအစိုးရအဖွဲ့၊ ပညာရှင်များနှင့် ပြည်သူလူထုပါ ပါဝင်ပူးပေါင်းရေးဆွဲကြခြင်းဖြစ်ကြောင်း၊ လူအများပူးပေါင်းပါဝင်လေ အမြင်စုံလေဖြစ်ကာ ပိုမိုကောင်းမွန်သည့် ဥပဒေများကို ပြဋ္ဌာန်းရေးဆွဲနိုင်မှာဖြစ်ကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းတည့်မတ်ခြင်းသည် ဒီမိုကရေစီစနစ်ပင်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ရာတွင် အနည်းနှင့်အများ အခက်အခဲများ ရှိတတ်ပါကြောင်း၊ ဒီမိုကရေစီသဘောသဘာဝကို အမှန်တကယ်နားလည်ကျင့်သုံးတတ်ရန် လိုကြောင်း၊ ဒီမိုကရေစီဗန်းပြပြီး ဒီမိုကရေစီ အနိုင်ကျင့်ခြင်း၊ ဒီမိုကရေစီအကျပ်ကိုင်ခြင်းများမဖြစ်ရန် လိုအပ်ပါကြောင်း၊ ဘဝမမေ့ရန်၊ ဒေသမမေ့ရန်၊ ဌာနမမေ့ရန်နှင့်ကိုယ့်နိုင်ငံကို ကိုယ်မမေ့ရန် လိုအပ်ကြောင်း၊ ထို့အတူ နိုင်ငံတော်ကိုကာကွယ်ရန်တာဝန်ရှိသည်ကို မမေ့လျော့ရန်လိုကြောင်း။

ဤဒေသသည် စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျနေသောကြောင့် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အခမ်းအနားသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖြူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာသူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တာချီလိတ်ဒေသတွင် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၈

ဇန်နဝါရီ ၂၆ ရက်တွင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန (တာချီလိတ်) မယ်ယန်းစခန်းသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် သွားရောက်၍ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တာချီလိတ်ခရိုင် ဝမ်ပုံဆိပ်ကမ်း၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံ ဝင်/ထွက်သွားလာမှု လွယ်ကူချောမွေ့စေရေး၊ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်များကို တာဝန်ရှိသူများအား မှာကြားကာ **(အပေါ်ပုံ)** တာချီလိတ်မြို့ရှိ နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်တံတား တံတားအမှတ် (၂)၌ နှစ်နိုင်ငံ ဝင်/ထွက်သွားလာမှု၊ ကူးသန်းရောင်းဝယ်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာချီလိတ်မြို့ နဂါးနှစ်ကောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဓမ္မသီရိအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

င်း ဖြည့်ဆည်း
။
ိုင်းဒေသကြီး
ဝင်းက တင်ပြ
၍ တိုင်းဒေသ
ဖြင့် ဆက်
သ်ဖော် ဆောင်
ခမ်များအပေါ်
င်ပြသည်။
သူ့လွှတ်တော်
းက နိဂုံးချုပ်
းရာတွင် ယခု
များ၏ တင်ပြ
ဆိုင်ရာတာဝန်
းစိတ်ပြန်လည်
သည့် အတွက်
ကျေးဇူးတင်ရှိပါ
အချို့သော
် ပြန်လည်
နိုင်ရန် လိုအပ်
သက်ဆိုင်ရာ
ပေါင်းစပ်ညှိ
င်ရွက်ပေးသွား
တို့လွှတ်တော်
တ်တော်ကိုယ်
်သီးပုဂ္ဂလနှင့်
ိစားလှယ်များ
ွှတ်တော်တွင်
င့် အချင်းချင်း
န်းကျောင်းရေး
င်ရွက်လျက်ရှိ
းကိုပြဌာန်းရန်
ပြည်သူလူထု
း ဆွေးနွေးနိုင်
ျားတွင် ဖော်
တ်တော်တစ်ခု
ပြုခြင်းမဟုတ်
ရေအဖွဲ့၊ ပညာ
လူထုပါ ပါဝင်
င်းဖြစ်ကြောင်း၊
ဝင်လေ အမြင်
တာင်းမွန်သည့်
းရေးဆွဲနိုင်မှာ
ပြုရေး၊ အုပ်
ရင်ရေးမဏ္ဍိုင်
န်အလုန်ထိန်း
င်းသည် ဒီမိုက
ောင်း၊ ပါတီစုံ
ဈေးကွက်စီးပွား
ဆောင်ရာတွင်
ခက်အခဲများ
ဒီမိုကရေစီ
အမှန်တကယ်
က်ရန် လို
ဒ်ပန်းပြီး ဒီမို
င်း၊ ဒီမိုကရေစီ
မဖြစ်ရန် လို
မမေ့ရန်၊ ဒေသ
န်နှင့်ကိုယ့်နိုင်ငံ
ိုအပ်ကြောင်း၊
ကိုကာကွယ်ရန်
မမေ့လျော့ရန်လို
စီးပွားရေးဖွံ့ဖြိုး
ကြောင့် ကြိုး
ကြရမည်ဖြစ်
င်ရွက်ရာတွင်
လှယ်များ၊ ဌာန
း၊ တိုင်းဒေသ
ပြည်သူများပူး
ရွက်သွားကြရ
ဆွေးနွေး
င် ပြည်သူ့
် အခမ်းအနား
ှိသည့် ဒေသခံ
ရင်းရင်းနှီးနှီး
(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မန္တလေးတက္ကသိုလ် ဥပဒေဌာနမှ ဆရာ ဆရာမများအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မန္တလေးတက္ကသိုလ်မှလေ့လာရေးအဖွဲ့အား တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၈

မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုရီ ခေါင်းဆောင်သော မန္တလေးတက္ကသိုလ် ဥပဒေပညာဌာန၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၊ အပြည်ပြည်ဆိုင်ရာ ဥပဒေဒီပလိုမာသင်တန်း (Diploma in International Law) (၁/၂၀၁၂) မှ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများသည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပနေမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား လာရောက်တွေ့ဆုံရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုကဲ့သို့ မိမိတို့လွှတ်တော်နှင့် အစည်းအဝေးကျင်းပနေမှုများကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် ကြိုဆိုပါကြောင်း၊လွှတ်တော်အနေဖြင့် ဥပဒေပြုရေး တာဝန်၊ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရေး တာဝန်များကို ဆောင်ရွက်နေပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်သူများ၏ ဝေဖန်အကြံပြုချက်များနှင့် သတင်းမီဒီယာများ၏ ဝေဖန်အကြံပြုချက်များကိုလည်း လက်ခံဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုး ဖြစ်ထွန်းစေရေးအတွက် ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဌာန်းရေးဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားသည့် ပညာရှင်များနှင့် ပြည်သူလူထု၏အကြံဉာဏ်များအား လက်ခံကြိုဆိုလျက်ရှိပါကြောင်းနှင့် ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၁-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
  - ယောဆရာတော်ဟောကြား တော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ နံနက်ခင်းသတင်း
- ၈း၃၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၄၀ International News

ညပိုင်း

- ၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ အတီးပြိုင်ပွဲ
- ၄း၃၅ ၂၀၁၃ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သမိုင်းဘာသာရပ်)
- ၅း၂၅ ကုသမနေ့းတီဘီဘေး
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၅ မိုးလေဝသအခြေအနေ
- ၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
  ရှုမငြီးတဲ့ချစ်သမီး (ဒုတိယတွဲ)(အပိုင်း-၁၇)
- ၇း၀၀ ပြည်တွင်းသတင်း
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
  ရှုမငြီးတဲ့ချစ်သမီး (ဒုတိယတွဲ)(အပိုင်း-၁၇)
- ၈း၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - **တန်ဖိုးထဲကလူ**
  ဇော်ဦး၊ ညီညီတာ၊ မြင့်မြင့်ခိုင်၊ မြသဥ္ဇာလီ (ဒါရိုက်တာ-သက်တင်)
- ၁၀း၀၀ ပြည်တွင်းသတင်း
  - အိန္ဒိယရုပ်ရှင် **စက်ရုပ်တိုက်ပွဲ** (ဇာတ်သိမ်း)

ကေအိုင်အေအဖွဲ့ ထောင်ထားသောမိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူ နှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၈

ဇန်နဝါရီ ၂၇ ရက် နံနက် ၆ နာရီခန့်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာနေ စိုးနိုင်(ခ) ကံကြီးမောင် (၃၀)နှစ် (ဘ)ဦးခင်စိုးနှင့် ဖားကန့်မြို့နယ် မမုံကျေးရွာနေ မောင်ဝဏ္ဏ (၂၁) နှစ် (ဘ)ဦးအုန်းမြင့်တို့နှစ်ဦးသည် ဆိုင်ကယ်တစ်စီးဖြင့် ဆိုင်ဂျာဘွမ်ကျေးရွာမှ ဖားကန့်သို့ ထွက်ခွာလာစဉ် မန်နားအောက်ကျေးရွာအနီး၌ ကေအိုင်အေအဖွဲ့ထောင်ထားသော မိုင်းတစ်လုံးအား နင်းမိသဖြင့် စိုးနိုင် (ခ) ကံကြီးမောင်နှင့် မောင်ဝဏ္ဏတို့ နှစ်ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

မိုင်းပေါက်ကွဲသည့်နေရာသို့ အနီးဆုံးလုံခြုံရေးတပ်ဖွဲ့ဝင်များက ချက်ချင်းသွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရလူနာများကို ဖားကန့်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကေအိုင်အေအဖွဲ့က ဖားကန့်နယ်မြေရှိ ရတနာတောင်တန်းကုမ္ပဏီအား မီးရှို့ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၂၈

ကေအိုင်အေအဖွဲ့သည် ယနေ့နံနက် ၁ နာရီခွဲခန့်တွင် ဖားကန့်မြို့နယ် ဖားပြင်ကျေးရွာအနီး ရတနာတောင်တန်းကုမ္ပဏီအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် ကုမ္ပဏီအတွင်းရှိ ဝန်ထမ်းနှစ်ထပ်အိပ်ဆောင်တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်မှုကြောင့် နံနက် ၃ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
သတင်းထုတ်ပြန်ချက်

၁။ ကချင်ပြည်နယ်တွင်ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပမှအဖွဲ့အစည်းအချို့၊ သံရုံးအချို့နှင့် စာနယ်ဇင်းအချို့တို့မှ မမှန်မကန်သတင်းများနှင့် အစိုးရနှင့်တပ်မတော်အပေါ် ပြည်သူလူထုအထင်အမြင်လွဲမှားစေမည့်သတင်းနှင့် ကြေညာချက်များထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါသတင်းနှင့် ကြေညာချက်တို့တွင် မြန်မာ့တပ်မတော်သည် KIA ဌာနချုပ်တည်ရှိရာ လိုင်ဇာအနီးဝန်းကျင်ကို ဆက်လက်၍ စစ်ရေးအရ ထိုးစစ်ဆင်နေကြောင်း သတင်းများကိုသာ တစ်ဖက်သတ်ဇောင်းပေး၍ ဖော်ပြနေပါသည်။ တရားဝင်မီဒီယာများတွင် KIA ဘက်မှ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်ဖျက်ဆီးမှုများ၊ ဖမ်းဆီးခေါ်ဆောင်မှုများ၊ စစ်ရေးနှင့်မဆိုင်သော အရပ်ဘက် လမ်း၊ တံတားများစွာကို ဖျက်ဆီးခဲ့မှုသတင်းများ ထုတ်ပြန်ထားပါလျက် ယင်းအဖြစ်မှန် သတင်းများကို မျက်ကွယ်ပြုပြီး မမှန်မကန်သတင်းများကိုသာ ဖော်ပြနေကြောင်း တွေ့ရှိရပါသည်။ ယင်းသို့ တစ်ဖက်စောင်းနင်း ဖော်ပြချက်များသည် အများပြည်သူနှင့်နိုင်ငံတကာ၏ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

၃။ နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးထိပ်ထားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးသဘောတူညီမှုများ ရရှိနိုင်ရေးအတွက် စေတနာမှန်ဖြင့် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ KIO/KIA အဖွဲ့မှလွဲ၍ ကျန်အဖွဲ့များနှင့် ငြိမ်းချမ်းရေးသဘောတူညီမှုများ အဆင့်ဆင့်ရရှိထားပြီးဖြစ်ပါသည်။ ယင်းသို့သဘောတူညီမှုများ ရရှိနိုင်ရန် တပ်မတော်သည်အစိုးရနှင့်ထပ်တူ ငြိမ်းချမ်းရေးကိုလိုလားစွာဖြင့် လိုက်ပါကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၄။ KIA လက်နက်ကိုင်အဖွဲ့သည် တာပိန်ရေအားလျှပ်စစ်စီမံကိန်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်အရာရှိ ၂ ဦးနှင့်စစ်သည် ၁ ဦးတို့အားအကြောင်းမဲ့ဖမ်းဆီးသွားခဲ့ရာ ၄င်းကိုစ္စအားဖြေရှင်းရန် သွားရောက်ခဲ့သည့် တပ်မတော်မှအခြေချ စစ်ဗျူဟာမှူးဦးစီးအဖွဲ့အား စောင့်ကြိုတိုက်ခိုက်ခြင်းဖြင့် ပြဿနာများကို စတင်ဖန်တီးခဲ့ခြင်းဖြစ်ပါသည်။

၅။ ကချင်ပြည်နယ်အတွင်း ခုခံကာကွယ်ရုံမှအပ ထိုးစစ်ဆင်ခြင်းများ မပြုလုပ်ရန် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားခဲ့သည့်အချိန်မှစ၍ တပ်မတော်အနေဖြင့် တိကျစွာလိုက်နာခဲ့ပါသည်။ KIA တို့သည် တပ်မတော်၏ ခုခံကာကွယ်ရုံသာ ဆောင်ရွက်နေမှုအပေါ် အခွင့်အရေးယူ၍ မိမိတပ်စခန်းများအား လာရောက်နှောင့်ယှက်တိုက်ခိုက်ခြင်း၊ ပုံမှန်ဆောင်ရွက်သည့် တပ်မတော်စစ်ကြောင်း လှုပ်ရှားမှုများကို မိုင်းအသုံးပြုတိုက်ခိုက်ခြင်း၊ အင်အားစုစည်း၍ စောင့်ကြိုတိုက်ခိုက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် တပ်မတော်မှအရာရှိ/စစ်သည်အများအပြား ကျဆုံးထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

၆။ KIA တို့သည် ယင်းသို့ တပ်မတော်အား တိုက်ခိုက်ခဲ့သည့်အပြင် စစ်ရေးနှင့်မသက်ဆိုင်သည့် အရပ်ဘက်လမ်း၊ တံတား၊ လျှပ်စစ်တာဝါတိုင်နှင့် အစိုးရအဆောက်အအုံများစွာတို့ကို တိုက်ခိုက်ဖျက်ဆီးခြင်း၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေသော အစိုးရဌာနများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များကို တိုက်ခိုက်ခြင်း၊ ဒေသခံအရပ်သားများစွာကိုလည်း အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းများဆောင်ရွက်ခဲ့ပါသည်။

၇။ KIA တို့သည် ကချင်ပြည်နယ်အတွင်း အများပြည်သူတို့ အဓိကအားထားသွားလာနေရသည့် ဆက်သွယ်ရေးလမ်းကြောင်းကြီးများကို ဖျက်ဆီးထိန်းချုပ်ထားခဲ့ပါသည်။ လမ်းကြောင်းများ ပြတ်တောက်ပိတ်ဆို့နေမှုကြောင့် ကုန်စည်စီးဆင်းမှုမပြုနိုင်တော့ဘဲ ပြည်သူတို့မှာ စားနပ်ရိက္ခာရှားပါးခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ ဆေးဝါးမလုံလောက်၍ ရောဂါဘယထူပြောခြင်းစသည့် ဒုက္ခမျိုးစုံတွေ့ကြုံခံစားနေရပါသည်။

၈။ KIAတို့သည် အများပြည်သူအသုံးပြုသည့် ဆက်သွယ်ရေးလမ်းမကြီးတစ်ခုဖြစ်သော မြစ်ကြီးနား-ဗန်းမော် ပြည်ထောင်စုလမ်းမကြီးအား ပိတ်ဆို့ထားသည့်အပြင် ယင်းလမ်းမကြီးအနီး လဂျားယန်ဒေသရှိ မိမိတပ်မတော်စခန်းအားလည်း ၂၀၁၂ ခုနှစ် မတ်လမှစတင်ကာ ဝိုင်းရံပိတ်ဆို့ထားခြင်း၊ စခန်းသို့ ရိက္ခာပို့ဆောင်သည့် တပ်မတော်စစ်ကြောင်းများကို ချုံခိုတိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

၉။ ဖော်ပြပါ KIA တို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှစတင်၍ ပွိုင့်-၇၇၁ တောင်ကုန်းအပါအဝင် လဂျားယန်ဒေသရှိ KIA ခြေကုပ်စခန်းများအား တပ်မတော်က ရှင်းလင်းတိုက်ခိုက်မှုများဆောင်ရွက်ခဲ့ရပါသည်။ ယင်းသို့ဆောင်ရွက်ခဲ့ရသော စစ်ဆင်ရေးသည် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အား နှောင့်ယှက်ဖျက်ဆီးလျက်ရှိသော KIA လက်နက်ကိုင်အဖွဲ့ကို တပ်မတော်၏ မူလတာဝန်အတိုင်းဆောင်ရွက်ရခြင်းနှင့် လဂျားယန်တပ်စခန်းရှိ တပ်မတော်သားများ ကြုံတွေ့နေရသော ရိက္ခာပြတ်လပ်မှု၊ KIA လက်နက်ကိုင်အဖွဲ့များ ဝိုင်းရံထားမှုတို့မှ ကယ်တင်ခဲ့ရသည့် အကန့်အသတ်ဖြင့် ဆောင်ရွက်ခဲ့သော စစ်ဆင်ရေးတစ်ရပ်သာဖြစ်ပါသည်။

၁၀။ တပ်မတော်အနေဖြင့် လဂျားယန်စခန်းရှိ စစ်သည်များလုံခြုံရေးနှင့် မြစ်ကြီးနား-ဗန်းမော် ပြည်ထောင်စုလမ်းမကြီးလုံခြုံရေးအတွက် လိုအပ်သည့် ကန့်သတ်ရည်မှန်းချက်များကို ရရှိပြီးဖြစ်သောကြောင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် ၆ နာရီမှစတင်ပြီး လဂျားယန်ဒေသရှိ နယ်မြေရှင်းလင်းမှုစစ်ဆင်ရေးများကို ရပ်ဆိုင်းထားပြီးဖြစ်သော်လည်း KIA တို့ဘက်မှ တပ်မတော်စစ်ကြောင်းအခြေပြုရာနေရာများသို့ လာရောက်နှောင့်ယှက်ပစ်ခတ်မှုများရှိနေသည့်အတွက် လိုအပ်သလို ခုခံပစ်ခတ်ခဲ့ရခြင်းသာဖြစ်ပါသည်။

၁၁။ ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခအရှိန်လျော့ကျပြီး အပစ်အခတ်ရပ်စဲ၍ ထာဝရငြိမ်းချမ်းရေး ဆက်လက်တည်ဆောက်သွားနိုင်ရန် တပ်မတော်မှ အထူးလိုလားပါသည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ သဘောထားကိုလည်း ကြိမ်ဖန်များစွာ ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါသည်။ KIA အနေဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်ကဲ့သို့ပင် ထာဝရငြိမ်းချမ်းရေးအတွက် စိတ်ရင်းမှန်ဖြင့် လိုလားမှုရှိရန် အထူးလိုအပ်ပါသည်။

၁၂။ မြန်မာ့တပ်မတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ ပူးပေါင်းပါဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ဖြစ်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးစားပေးသည့်တပ်မတော်ဖြစ်ခြင်းတို့ကြောင့် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအားလုံး၏ ဘေးကင်းလုံခြုံရေးကို ပို၍လိုလားပါသည်။

၁၃။ တပ်မတော်သည် ပြည်သူများ၏အသက်အိုးအိမ်လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် မိမိကိုယ်ကို ခုခံကာကွယ်မှုနှင့် စစ်ရေးအရ ပြန်လည်တုံ့ပြန်မှုများကို မလွှဲမရှောင်သာ ပြုလုပ်ခဲ့ရခြင်းဖြစ်ပါသည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ဖြစ်သည့် မိမိကိုယ်မိမိခုခံကာကွယ်ရန်မှအပ ပစ်ခတ်တိုက်ခိုက်မှုများမပြုလုပ်ရန်ဆိုသည့်အချက်ကို တိကျစွာလိုက်နာသွားမည်ဖြစ်သလို KIO/KIA ဘက်မှလည်း နိုင်ငံတော်သမ္မတ၏ အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ ကမ်းလှမ်းချက်အပေါ် လေးစားလိုက်နာသွားရန် လိုအပ်ပါသည်။

၁၄။ တပ်မတော်အနေဖြင့် နယ်မြေလုံခြုံရေးအရ ယာယီစောင့်ရှောက်ရေးနေရာများသို့ ပြောင်းရွှေ့နေထိုင်ရသူများအတွက် လိုအပ်သည့်စောင့်ရှောက်မှုများပေးနေသကဲ့သို့ အထူးသဖြင့် ပူတာအိုဒေသရှိ ပြည်သူများအနေဖြင့် စားနပ်ရိက္ခာရှားပါးမှုနှင့် ရင်ဆိုင်နေရသဖြင့် တပ်မတော်လေယာဉ်များနှင့်ပါ ကူညီပို့ဆောင်ပေးလျက်ရှိပါသည်။

၁၅။ ကချင်ပြည်နယ်တွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိစေရန် အလို့ငှာ တွေ့ဆုံဆွေးနွေးရေးအတွက် တပ်မတော်မှကိုယ်စားလှယ်များပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ KIO/KIA အဖွဲ့ထံသို့ အကြိမ်ကြိမ်ကမ်းလှမ်းလျက်ရှိပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ကချင်ပြည်နယ်အတွင်းသာမက နိုင်ငံအဝန်း ထာဝရငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတည်ဆောက်နိုင်ရန် KIO/KIA အဖွဲ့အပါအဝင် တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲဆောင်ရွက်သွားမည့်အပေါ် တပ်မတော်အနေဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်

ပြည်တွင်းသတင်း

ဒေသထွက်ကုန်များ မြန်ဆန်စွာတင်ပို့နိုင်မည့် မင်းဘူးမြို့နယ် ဆားပွက်ချောင်းတံတား

ဆောင်းနှောင်းကာလ ရာသီဥတုမှာ မပူမအေးလှဘဲ နေထိုင်၍ အလွန်ကောင်းလှသည်။ ကျွန်တော်တို့သည် ဧရာဝတီတံတား(မကွေး) ပေါ်တွင် ဆိုင်ကယ်ဖြင့် မင်းဘူးမြို့နယ်ဘက်ဆီသို့ ဦးတည်ခုတ်မောင်းနေသည်။ အနောက်ရိုးမသည် မြူငွေ့များယှက်သန်းလျက်မှိုင်းပျနေသည်။ တံတားအောက်ကို ကြည့်ပြန်တော့ မြေနုကျွန်းပေါ်မှာ စိုက်ပျိုးထားသောနေကြာခင်းများ၊ ပန်းနှမ်းခင်းများကြောင့် ရွှေဝါရောင်ကမ္ဗလာကို ဖြန့်ခင်းထားသည့်နှယ်ခံစားမိသည်။ ကျွန်တော်တို့ နှလုံးသားသည်လည်း တဖျပ်ဖျပ်လှုပ်ရှားလျက် သဘာဝကြီး၏အလှကို ကြည်နူးစွာ ရင်ခုန်နေသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နှင့် မကွေးမြို့ ဆက်သွယ်ထားသော ကားလမ်းမကြီးပေါ်က ရွှေတပင်ကျေးရွာအနီးရှိ ဆားပွက်ချောင်းပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၄)မှ တာဝန်ယူကာ ဆားပွက်တံတားတစ်စင်း တည်ဆောက်နေခြင်းနှင့် ပတ်သက်၍ သတင်းယူရန် ထွက်ခဲ့ခြင်းဖြစ်၏။

ထိုယခင် နှစ် ၁၀၀ ခန့်ဆီက ဗြိတိသျှအစိုးရသည် ဆားပွက်ချောင်းကို ဖြတ်ကာ တံတားတစ်စင်းဆောက်လုပ်ထားခဲ့သည်။ ယခုအခါ ထိုတံတားမှာ ဟောင်းအိုသွားပြီဖြစ်၍ အလေးချိန်များသော ယာဉ်ကြီးများ ဖြတ်သန်းသွားရာတွင် ချိန်ဆ၍ သွားနေရကာ တံတားကြီးမှာ အပျက်အစီးများ၊ လမ်းကျွံမှုများ မကြာခဏတွေ့လာရသည်။ တံတားသက်တမ်းမှာလည်း ကုန်နေပြီဖြစ်၍ နိုင်ငံတော်က တံတားအဟောင်းဘေးမှာ ကပ်လျက်တံတားအသစ်တစ်စင်းကို ၂၀၁၂ ခုနှစ် ဇွန် ၁ ရက်မှစ၍ ဆောက်လုပ်ခဲ့သည်။

ဗြိတိသျှအစိုးရ တည်ဆောက်ခဲ့သော တံတားအဟောင်းသည် CH သံပေါင်အမျိုးအစားဖြစ်ပြီး တံတားအကျယ် ၁၄ ပေခန့်ရှိသောကြောင့် ကားတစ်စီးသာမောင်းနိုင်သည်။ မော်တော်ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ ၁၃ တန်ရှိပြီး တံတားအရှည်သည် ပေ ၄၇၀ ရှိသည်။ ယခုတည်ဆောက်နေသော တံတားပြီးစီးသွားပါက တံတားအဟောင်းကို ဖျက်သိမ်းတော့မည်ဟု သိရသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် တံတားဆောက်လုပ်ရေးတွင် တာဝန်ကျနေသော မြို့ပြအင်ဂျင်နီယာ ဦးသန်းကြွယ်နှင့် ဦးဟံညွန့်တို့နှစ်ဦးအား တွေ့ဆုံခဲ့ရာ သူတို့ကတံတားနှင့်ပတ်သက်၍ စိတ်ရှည်လက်ရှည် ရှင်းပြကြသည်။ခပ်လှမ်းလှမ်းက ချောင်းပြင်ထဲ၌ စက်ယန္တရားကြီးများ၊ တည်ဆောက်ရေးလုပ်သားများ အလုပ်လုပ်နေကြသည်ကို မြင်တွေ့နေရသည်။

ယခု တည်ဆောက်ဆဲ တံတားအသစ်မှာ ဆားပွက်ချောင်း တံတားအမည်ရှိပြီး တံတားတည်နေရာသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ရွှေတပင်ရွာအနီးတွင် တည်ရှိသည်။ တံတားအရှည်မှာ ပေ ၅၁၀၊ ကားလမ်းအကျယ် ၂၄ ပေ၊ ခန်းဖွင့်ဖွဲ့စည်းပုံမှာ ပေ ၃၀ တစ်ခန်း၊ ပေ ၉၀ ငါးခန်း၊ ပေ ၃၀ တစ်ခန်းဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၅၄ ပေ၊ အမြင့် ၆ ပေ ၆ လက်မ ဖြစ်သည်။ တံတားအမျိုးအစားမှာ တံတားအုတ်မြစ်နှင့် အောက်ထည်သံကူကွန်ကရစ်လွန်တူးပိုင်တိုင်ဖြစ်ပြီး တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်၊ မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန် ၇၅ တန်ဖြစ်သည်။ တံတားတည်ဆောက်ရာတွင် ခန့်မှန်းကုန်ကျငွေမှာ ချဉ်းကပ်လမ်းမပါဘဲ ငွေကျပ် သန်းပေါင်း ၁၄၀၀ ခန့်ဖြစ်ပြီး ၂၀၁၃ ခုနှစ်အကုန်တွင် အပြီးတည်ဆောက်မည်ဟု သိရသည်။

ဧရာဝတီမြစ်အနောက်ဘက်ကမ်းဒေသသည် လမ်းပန်းဆက်သွယ်ရေး တစ်နေ့တခြား တိုးတက်ကောင်းမွန်လာသည့်အတွက် ယခင်ကလို ခြောက်သွေ့မနေတော့။ ကုန်စည်စီးဆင်းမှုမြန်ဆန်သွက်လက်လာခြင်းနှင့်အတူ စီးပွားရေးဖွံ့ဖြိုးမှု အသီးအပွင့်များ ပြည်သူတို့ခံစားနေရပြီဖြစ်သည်။ ယခုတည်ဆောက်ဆဲ ဆားပွက်တံတားမှာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အထူးအရေးပါသော တံတားတစ်စင်းဖြစ်သည်။ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ မြို့ပြများမှ မင်းဘူးခရိုင်အတွင်းရှိ မြို့များဆီသို့ အပြန်အလှန်ဆက်သွယ်ကူးသန်းမှုများ မြန်ဆန်လာသလို ဒေသထွက်ကုန်များ ဖလှယ်ရာတွင်လည်း မကြန့်ကြာတော့ဘဲ ဈေးကွက်သို့ အချိန်မီရောင်းချနိုင်ကာ အခြားလူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများလည်း လက်တွေ့အကျိုးခံစားခွင့်ရရှိလာမှာဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

မကွေးလှမြင့်

ရန်ကုန်မြို့တွင်း သခွားမွှေးတို့ လှိုင်လှိုင်ဝင်

သတင်း-ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရပ်ကွက်အတွင်း၌ "သခွားမွှေးတွေ တစ်လုံးမှ ၁၀၀-၁၅၀" ဟု အော်ရောင်းသံများကို ကြားလာရပြီဖြစ်သည်။ သခွားမွှေးများ ဝင်ရာ ကြည့်မြင်တိုင်ဖားဂရာဆိပ်သို့ ဆင်းကြည့်ရာ တွံတေးဘက်မှလာသော သခွားမွှေးတင်သမ္ဗန်လေးငါးခြောက်စင်းကို တစ်ပြိုင်နက်တည်းတွေ့လိုက်ရသည်။လုံးဝန်းသောသခွားမွှေး စိမ်းစိမ်းဝါဝါများကို သမ္ဗန်ဝမ်းအတွင်း အပြည့်တွေ့ရသည်။ ဆိပ်ကမ်းမှသည် ကုန်းပေါ်ဒိုင်သို့သယ်ယူသူတို့က သယ်နေကြသည်။

သမ္ဗန်သမားတစ်ဦးကို မေးမြန်းကြည့်ရာ တွံတေးမြို့နယ်အတွင်းရှိ ကဇွန်းတန်း၊ ချောင်းမကြီး၊ ဂုတ်တန်းစသည့် ကျေးရွာများမှ ဖြစ်ကြောင်းသိရသည်။ ၄င်းကျေးရွာများတွင် သခွားမွှေးကို ဧကများစွာ စီးပွားဖြစ်စိုက်ပျိုးကြကြောင်းကိုလည်း ဆိုကြသည်။

စိုက်ပျိုးသည့်ရာသီမှာ နတ်တော်လဆန်းတွင်စတင်စိုက်ပျိုးကြပြီး ပြာသိုလဆန်းမှ စတင်အသီးတင်ကြပြီး နောက်ဆယ်ရက်ကျော် နှစ်ပတ်အတွင်း ရောင်းတန်းတင် အလုံးများလှလာကြပြီး ဈေးကွက်အတွင်းသို့ ပေါပေါများများ ဝင်ရောက်လာခြင်းဖြစ်ကြောင်းကိုလည်း ဂုတ်တန်းမှ သခွားမွှေးစိုက်တောင်သူတစ်ဦးက ရှင်းပြသည်။

တွံတေးမြို့နယ်မှ ထွက်သောသခွားမွှေးများသည် ကြည့်မြင်တိုင်မြို့နယ် ဖားဂရာဆိပ်သို့ ရေလမ်းမှဝင်ကြပြီး ဖားဂရာဆိပ်အနီး မာလကာသီး၊ သင်္ဘောသီးစသည့် သီးနှံကုန်စည်ဒိုင်မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ စီးဝင်ရောင်းချခြင်းဖြစ်ကြောင်း သစ်သီးကုန်စည်ဒိုင်မှ ဦးလှဝင်းက ပြောပြသည်။ ဖားဂရာသစ်သီးကုန်စည်ဒိုင်တွင် ဒိုင်ပေါင်း ၁၃ ဒိုင်ရှိကြောင်းကိုလည်း သိရသည်။

ဝယ်ရောင်းဖြစ်သူ ကိုမောင်မောင်က "ဒီလိုရာသီဆို သခွားမွှေး သမ္ဗန်တွေက နေ့စဉ်ခုနစ်စင်း၊ ရှစ်စင်းခန့်ဝင်တတ်ပါတယ်။ သမ္ဗန်တစ်စင်းကို အလုံးအကြီးအသေးပျမ်းမျှ ၄၀၀၀ ခန့်ပါတတ်ပါတယ်" ဟု ဆိုပါသည်။

ဒိုင်ဖြတ်ဈေးအားဖြင့် အလုံးအကြီးတစ်လုံးလျှင် ငွေကျပ် ၁၀၀၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၈၀၊ အသေးတစ်လုံးလျှင် ငွေကျပ် ၅၀ အထိအရောင်းအဝယ်ရှိနေကြောင်းဖြင့် ရာသီပေါ်သီးနှံဈေးကွက်သတင်းအဖြစ်ဖော်ပြလိုက်ရပါသည်။



အိမ်ရှင်မတို့အတွက် မီးဖိုချောင်ဈေးကွက်

မီးဖိုချောင်အရေးကို တွေးပူနေကြသည့် အိမ်ရှင်မတို့အတွက် မီးဖိုချောင်ဈေးကွက်ကို ဖော်ပြပေးလိုက်ပါသည်။ တာမွေဈေးနှင့် တောင်ဒဂုံ(၇၁)ဈေးတို့မှ ကောက်ယူခဲ့သောဈေးနှုန်းများဖြစ်ပါသည်။

စဉ်	အမျိုးအမည်	ရေတွက်ပုံ	ဈေးနှုန်း
၁။	ရွှေဘိုပေါ်ဆန်း	၁ ပြည်	၁၆၀၀
၂။	ဖျာပုံပေါ်ဆန်း	၁ ပြည်	၁၂၅၀
၃။	တောင်ပြန်မွှေး(ရှယ်)	၁ ပြည်	၁၂၀၀
၄။	ဧည့်မထ	၁ ပြည်	၈၀၀
၅။	မနောသုခ	၁ ပြည်	၇၅၀
၆။	ပေါ်ကျွဲ	၁ ပြည်	၈၀၀
၇။	ပဲဆီ(အစစ်)	၁ ပိဿာ	၄၁၀၀
၈။	ပဲဆီ(အရော)	၁ ပိဿာ	၂၈၀၀
၉။	စားအုန်းဆီ	၁ ပိဿာ	၁၄၀၀
၁၀။	ကြက်သွန်နီ(ကြီး)	၁ ပိဿာ	၇၀၀
၁၁။	ကြက်သွန်နီ(လတ်/သေး)	၁ ပိဿာ	၅၀၀/၄၅၀
၁၂။	ကြက်သွန်ဖြူ (ရှမ်း-ရှယ်)	၁ ပိဿာ	၉၅၀
၁၃။	အာလူး(သေး/ကြီး)	၁ ပိဿာ	၅၀၀/၇၀၀
၁၄။	အမဲသား	၁၀ သား	၆၀၀
၁၅။	ဝက်သား	၁၀ သား	၅၀၀
၁၆။	ကြက်သား	၁၀ သား	၅၀၀
၁၇။	ပုစွန်(တုပ်ကြီး)	၁၀ သား	၁၂၀၀
၁၈။	ငါးကြင်း	၁၀ သား	၂၅၀
၁၉။	ငါးမြစ်ချင်း	၁၀ သား	၂၅၀

(မောင်စိုးဝင်း)

ဟာရိတ၏ စာအုပ်လောက

(၂၈-၁-၂၀၁၃)

အာရှမှစစ်မီးထတောက်နိုင်သည့် အန္တရာယ်ဒေသများ

စာရေးသူ-ရဲတင့်
စာအုပ်တိုက်-လောကသရဖူ
ဖုန်း ၀၉-၇၃၀၅၁၁၉၀၊ တန်ဖိုး-ကျပ် ၁၀၀၀

၂၁ ရာစုတွင် အာရှသည် ကမ္ဘာ့ဇာတ်ခုံပေါ်၌ ရှေ့တန်းသို့ ရောက်ရှိလာသည်။ ကမ္ဘာ့ရေးရာများတွင် စီးပွားရေးအင်အားနှင့် နိုင်ငံရေးအာဏာ အရှိန်အဝါတို့မှာ အာရှတိုက်ဆီသို့ဦးတည်လာသည်။ အာရှတိုက်၏ တိုးတက်မှုတွင် အင်အားကြီးထွားလာသော အာရှနိုင်ငံအချင်းချင်းပြိုင်ဆိုင်မှုများလည်း ပေါ်ပေါက်လာကာ ပြင်ပကမ္ဘာသို့တိုင် ကျယ်ပြန့်လာနိုင်ဖွယ်ရှိနေသည်။ အတိတ်အာရှနှင့် ပစ္စုပ္ပန်အာရှတို့မှ ဖြစ်ရပ်များကို လေ့လာသုံးသပ်ကာ အနာဂတ်အာရှသို့ အတွေးဆန့်ထားသည်ကို ဤစာအုပ်တွင် ဖတ်ရှုနိုင်ကြမည်ဖြစ်သည်။

အိမ်မင်္ဂလာ အိမ်ချမ်းသာ

စာရေးသူ- မြေလတ်မြတ်သူ
စာအုပ်တိုက် - မဇ္ဈိမ
ဖုန်း-၀၁-၃၉၂၈၃၅၊ တန်ဖိုး-ကျပ် ၂၀၀၀

မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုဟုဆိုလျှင် မှားမည်မဟုတ်ပေ။ လူတစ်ဦးချင်းဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝတစ်လျှောက် ချမ်းမြေ့သာယာစွာနေထိုင်နိုင်ရေးအတွက် ဗုဒ္ဓဘုရားရှင်ဟောကြားဆုံးမခဲ့သည့် တရားတော်များနှင့်အညီ လိုက်နာကျင့်ကြံပွားများ အားထုတ်ပါက လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာကို ခံစားနိုင်ကြမည်ဖြစ်သည်။ ဤစာအုပ်သည် ဗုဒ္ဓဘာသာဝင်ပီသလိုသူ လူပုဂ္ဂိုလ်တို့ လေ့လာဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

နိုင်ငံရေးနှင့် နိုင်ငံရေးပါတီ

စာရေးသူ - တက္ကသိုလ်မြတ်သူ
စာအုပ်တိုက် - ဟန်သာဆု
ဖုန်း-၀၁-၃၇၁၈၀၀၊ တန်ဖိုး-ကျပ် ၅၀၀၀

မြန်မာပြည်သူများ နိုင်ငံရေးနှင့် ပတ်သက်၍ဖြစ်စေ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ၊ နိုင်ငံရေးခေါင်းဆောင်များနှင့်ပတ်သက်၍ဖြစ်စေ သမိုင်းရေးအမြင်ရရှိစေရန် ရည်ရွယ်ကြောင်း စာရေးသူက ဆိုထားသည်။ ကိုလိုနီခေတ်၊ ဖဆပလခေတ်၊ လမ်းစဉ်ပါတီခေတ်နှင့် ယနေ့ပါတီစုံဒီမိုကရေစီခေတ်တို့အကြောင်းကို လေ့လာပြုစု ရေးသားတင်ပြထားသည်။ နိုင်ငံရေးနှင့် မြန်မာနိုင်ငံရေးကို လေ့လာသူများ ဖတ်ရှုကြရမည့် စာအုပ်တစ်အုပ်ဖြစ်သည်။



(၃၆)နှစ်ပြည့်သာသနာပြုခရီး

စာရေးသူ-မောင်ရင့်ကျူး(မြောင်းမြ)
စာအုပ်တိုက်-မိခင်ဧရာဝတီ
ဖုန်း-၀၁-၇၀၁၄၃၁၊ တန်ဖိုး-ကျပ် ၃၅၀၀

(၃၆)နှစ်ပြည့် သာသနာပြုခရီးစာအုပ်တွင် စာရေးဆရာမကြီး ယုဝတီရွှေဝါစိန်ကဂုဏ်ပြုလက်ာရေးသားထားပြီး စာရေးဆရာကြီးပါရဂူက အသက်(၂၉)နှစ်မှစ၍ ယခုအသက်(၆၅)နှစ်အတွင်း (၃၆)နှစ်တာ အချိန်ကာလတွင် သူလုပ်ကိုင်ဆောင်ရွက်ခဲ့သော ဘာသာရေး၊ လူမှုရေး၊ စာပေဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို အံ့မခန်းတွေ့မြင်သိရှိရသည်။ သူ၏(၃၆)နှစ်အတွင်း ပြုလုပ်ခဲ့သော မွန်မြတ်သည့်ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရေးသားထားသော "အတ္ထုပ္ပတ္တိ သမိုင်းမော်ကွန်းအကျဉ်းနှင့် သာသနာပြုအလုပ်အနှစ်ချုပ်" စာအုပ်တွင် တန်းစီပြထားသည်ဟူ၍ အမှာစာရေးသားဖော်ပြထားသည်။ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်များနှင့် သုတေသီများအတွက် ဖတ်ဖွယ် မှတ်ဖွယ် အတုယူဖွယ် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

၂၀၁၃ ခု ရွှေမန်းပေဒင်ဒိုင်ယာရီ



ရေးသူ-ဆရာမင်းသိန်း
စာအုပ်တိုက်-ပဥ္စရူပ
ဖုန်း-၀၉-၇၃၁၂၀၈၄၅၊ တန်ဖိုး-ကျပ် ၃၅၀၀

နေ့စဉ်ဆောင်ရွက်သမျှ ကိစ္စများအတွက် အချိန်ကောင်းအခါကောင်းများ၊ ဆောင်ရန် ရှောင်ရန်များ၊ ဖွားမြင်လာမည့် မိမိရင်သွေးငယ်တို့အတွက် အချိန်ကောင်းအခါကောင်းများ၊ ကံကောင်းကံဆိုးများ၊ နေ့စဉ်စွမ်းထက် ယတြာများကိုအသေးစိတ်ဖော်ပြထားသည်။ ဤစာအုပ်ကိုဆောင်ထားခြင်းဖြင့် ဆောင်ရွက်စရာကိစ္စများဆောင်ရွက်လျှင် အမှားအယွင်းနည်းနိုင်သမျှနည်းပြီး လုပ်ဆောင်နိုင်မည်ဖြစ်သည်ဟု ဆိုထားသည်။

ပြည်တွင်းသတင်း

တိုင်းဒေသကြီး ဝန်ကြီးချုပ် ကော့သောင်းမြို့၌ ဒေသခံများနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၈

ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့သို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ရောက်ရှိပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကော့သောင်းမြို့ ချန်းဖန်ကျေးရွာ ကျေးလက်လမ်းများကို ကြည့်ရှုပြီး မူလတန်းလွန်ကျောင်း၌ ဆရာဆရာမများ၊ ကျေးလက်ကျန်းမာရေး တာဝန်ခံ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ချန်းဖန်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၊ ကော့သောင်းမြို့ ရွှေဝက်ဝံအအေးခန်းစက်ရုံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာပြည်သူလေးများလည်း ကိုယ့်ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်ကြစေချင်

ဝေ(ကျောက်မဲ)

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက် စနေနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂)တွင် ကိုဇော် ရေးသားထားသော "မြန်မာ့ရိုးရာဝတ်စုံနှင့် သနပ်ခါးကိုစွဲမက်သူများ"ဟူသော ဆောင်းပါးလေးကို ဖတ်မိရာမှ အစ ကျွန်မရင်တွင်းမှ ပြောပြချင်၊ ရေးပြချင်နေသော ရင်တွင်းခံစားမှုများကို အနည်းငယ်မျှ ယခုကဲ့သို့ ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

ဆောင်းပါးနှင့်အတူ မြန်မာ့ရိုးရာဝတ်စုံနှင့် သနပ်ခါးကို မြတ်နိုးသူ ဥရောပသူလေး၏ ဓာတ်ပုံကိုမြင်လိုက်ရသော ကျွန်မမှာ ကျွန်မတို့၏ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုနှင့် သနပ်ခါးကို လေးလေးစားစား တန်ဖိုးထား မြတ်နိုးတတ်ကြသော နိုင်ငံခြားသားများ၊ နိုင်ငံခြားသူများ ကမ္ဘာအနှံ့တွင်ရှိနေခြင်းကို ဝမ်းမြောက်ဂုဏ်ယူမဆုံး ဖြစ်ရခြင်းနှင့် အတူ ကျွန်မတို့မြန်မာပြည်တွင်းမှ ကိုယ့်ယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုများကို တန်ဖိုးထားလေးစား မြတ်နိုးရကောင်းမှန်းမသိကြသည့် တချို့တချို့သော မြန်မာပြည်ဖွား တိုင်းရင်းသူလေးများအတွက် စိတ်တွင်းမှ အားမလိုအားမရ ဝမ်းနည်းခြင်းများ ဖြစ်ရပါသည်။

ရင်လျားပမာ အပေါ်ပိုင်းတစ်ခုလုံးပေါ်၊ ချက်ပေါ်၊ စကတ်ကွဲ၊ ပေါင်ရင်းသာသာရှိသော စကတ်တို၊ ဘောင်းဘီတိုတိုလေးများဖြင့် ရာသီဥတု ပူအိုက်ခြင်းကို ခုတုံးလုပ်ကာ ပေါ်ချင်တိုင်းပေါ်နေကြသည်မှာ ယိုသူမရှက်၊ မြင်သူရှက် မမြင်ရက်စရာ စိုးရိမ်စရာမြင်ကွင်းများပင် ဖြစ်ပါသည်။

ကျွန်မတို့မြန်မာနိုင်ငံမှ ထုတ်လွှင့်သော တီဗွီမှအစီအစဉ်များတွင်လည်း မော်ဒယ်ရှိုးများ၊ ခေတ်ပေါ်တေးသီချင်းကဏ္ဍများ၊ ဖျော်ဖြေမှုများတွင်ပါဝင်သောသီဆိုမှု၊ ဖျော်ဖြေသူ သရုပ်ဆောင်များ၏ ဝတ်စားဆင်ယင်မှုများကိုလည်း အတုယူသင့်သည်ကိုသာယူစေချင်ပါသည်။ အနုပညာရှင်များအနေနှင့် လုပမှု၊ ကြည့်ရှုသူစိတ်ဝင်စားမှု၊ ထင်ပေါ်မှုအတွက် ခေတ်အဆန်ဆုံး ဝတ်စားဆင်ယင်ပြသကြသည်ဖြစ်ရာ နေ့စဉ်အရပ်ထဲ၊ မြို့ထဲ၊ လူများအကြားတွင် သွားလာလှုပ်ရှားနေကြသော မြန်မာတိုင်းရင်းသူ မိန်းကလေးများအနေဖြင့် သာမန်အရပ်သူလေးများအတွက် တော်မတော် သင့်မသင့်ကို စဉ်းစားချင့်ချိန်ကြဖို့ လိုအပ်သည်ဟု ထင်ပါသည်။

"ရွာနားကမြက် ရွာနွားမစား"တဲ့။ ဒီစကားပုံလေးမှာ ကြားရသူအဖို့ နားဝင် ရိုင်းကောင်း ရိုင်းပါလိမ့်မည်။ သို့သော် အချို့သော မြန်မာနိုင်ငံသူများ၊ တိုင်းရင်းသူများ၊ မြန်မာမလေးများအတွက်တော့ တည့်တည့်ကြီးကို မှန်ပါသည်ဟု ပြောချင်ပါသည်။ ယခုကဲ့သို့ ပြောရခြင်းမှာလည်း ယခုအချိန်အခါတွင် လွတ်လပ်ပွင့်လင်းလာသည့် ကျွန်မတို့ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသည့် အနုပညာဖျော်ဖြေတင်ဆက်မှုများ၊ တီဗွီမှလာသော မြန်မာလူမျိုးများ အကြိုက်တွေ့သည့် ကိုရီးယားဇာတ်လမ်းတွဲများ၊ ရုပ်ရှင်များ၊ နိုင်ငံခြားအဆိုအကများမှ ဝတ်စားဆင်ယင်မှုများကို "အမေကျော်. . . ဒွေးတော်လွှမ်း"ချင်ကြသည့် အချို့သော မြန်မာမကလေးများက အတုခိုး အမြတ်တနိုး ဝတ်ဆင်နေကြသည်မှာ မြန်မာနိုင်ငံဖွားများမှ ဟုတ်ပါရဲ့လားဟုပင် တွေးထင်စရာဖြစ်ပါသည်။

ကိုယ့်လူမျိုးများက တန်ဖိုးထားရမည့် ကိုယ့်ယဉ်ကျေးမှု လုံခြုံလုပကျက်သရေရှိလှသော ကိုယ်ပိုင်မြန်မာဝတ်စုံလေးများကို ယဉ်ကျေးမှုပိုင်ရှင် ကျွန်မတို့ မြန်မာပြည်သူလေးများက တန်ဖိုးမထားတတ်ကြဘဲ တစ်ပြည်သူမရွှေထား နော်ဝေနိုင်ငံသူလေးက တလေးတစား မြတ်နိုးတန်ဖိုးထားကာ သနပ်ခါးပါးကွက်နှင့် ချည်ထည်မြန်မာဝတ်စုံလေး ဝတ်ကာ ဂုဏ်ယူဝင့်ကြွားပုံဖြင့် ဝတ်ဆင်ပြထားသည်မှာ ကျွန်မတို့ မြန်မာပြည်မှ တချို့သောမြန်မာမကလေးများကို ကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှု ကိုယ့်ရိုးရာဝတ်စုံများကို တန်ဖိုးထားမြတ်နိုးတတ်ကြစမ်းပါဟု သတိပေးနိုးဆော်သကဲ့သို့ပင် ဖြစ်ပါကြောင်း သိစမ်းစေချင်လှပါသည်။

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် စေတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၀ရက် နံနက် ၉ နာရီတွင် အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူကြိုင်နှင့် ရပ်မိရပ်ဖများက အလှူငွေကျပ် ၁၉ သိန်းခန့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ဖျာပုံမြို့တွင် သဘာဝဘေးအန္တရာယ် ကာကွယ်ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

ဖျာပုံ ဇန်နဝါရီ ၂၈

ဖျာပုံမြို့တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်မှုကို သန္တေမီးသတ်၊ အရန်မီးသတ်၊ ပြည်သူလူထုများ ပူးပေါင်း၍ ဇန်နဝါရီ ၂၅ ရက်က လေ့ကျင့်ရာ တက်ရောက်လာသူများနှင့် လေ့ကျင့်ရာတွင် ပါဝင်သူများကို ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်က မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူလူထု အသက်၊ အိုးအိမ်၊ စည်းစိမ်ကို အသက်စွန့်ကာကွယ်ရာတွင် မီးလောင်မှု ဖြစ်စဉ်တစ်ခုတည်း မဟုတ်ဘဲ အခြား သဘာဝဘေးအန္တရာယ်များကိုလည်း ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်မှ ပေးအပ်ထားသော အသက်ကယ်ပစ္စည်းများကို အသုံးပြု၍ နည်းစနစ်ကျ လက်တွေ့ကယ်ဆယ်မှုများကို စဉ်ဆက်မပြတ် လေ့ကျင့်ရမည်ဖြစ်ကြောင်း ပညာပေးမှာကြားပြီး ဖျာပုံမြစ်အတွင်း လက်တွေ့ ကယ်ဆယ်ရေးများကို Life Jacket သက်ကယ်ကွင်းများ အသုံးပြု၍ ကယ်ဆယ်နည်း၊ သက်ကယ်ကြိုးနှင့် ကြိုးပစ်၊ ကြိုးချည်နည်းများကို လက်တွေ့ လေ့ကျင့်ခဲ့ကြောင်း သိရသည်။ (၀၇၁)

ပန်းတောင်း ဇန်နဝါရီ ၂၈

စာမဖတ်သူပပျောက်ရေး စာဖတ်ရှိန်မြှင့်တင်ရေး ကျင်းပ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုမြို့တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာမဖတ်သူပပျောက်ရေး၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြို့နယ်စာရေးဆရာအသင်း ပန်းတောင်းမြို့မှ ဦးစီးကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး (စာဖတ်စွမ်းရည်ပြိုင်ပွဲ) စာမေးပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက ထုံးဘိုမြို့အခြေခံပညာအထက်တန်းကျောင်း ဒေါက်တာရဲအောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ၁၆ ဦး၊ ကျောင်းသူ ၂၅ ဦး စုစုပေါင်း ၄၁ ဦး ဝင်ရောက်ဖြေဆို၍ အောင်မြင်သူများကို အရည်အချင်းအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ငါးဆုကိုထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၁၇၀)

စက်ချုပ်သင်တန်းဖွင့်

မလှိုင် ဇန်နဝါရီ ၂၈

မလှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မြို့နယ်အတွင်းရှိ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ မိသားစုဝင်ငွေတိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်မှု အထောက်အကူဖြစ်စေ ရန်ရည်ရွယ်၍ စက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၁၃) ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက မလှိုင်မြို့ အမှတ် (၂) ရပ်ကွက်ကြီး၌ ကျင်းပသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၄၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၄၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတွင်အခြေခံ စက်ချုပ်နည်းအပြင် ဖန်စီအိတ်ထိုးနည်း၊ ဘော်လီအင်္ကျီချုပ်နည်း၊ ပိတ်စပန်းအလှပြုလုပ်နည်းနှင့် ပန်းကြယ်သီးထိုးနည်းများကိုပါ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ (၀၈၃)

မီးသင်္ဂြိုဟ်စက် တည်ဆောက်ရေးလုပ်ငန်း ၇၀ ရာခိုင်နှုန်း ပြီးစီး

ရမည်းသင်း ဇန်နဝါရီ ၂၈

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်၌ မီးသင်္ဂြိုဟ်စက်ကော်မတီမှ ကြီးကြပ်ပြီး မီးသင်္ဂြိုဟ်စက်သစ် ဝယ်ယူတပ်ဆင်အသုံးပြုရန် မတည်ငွေ ကျပ်သိန်း ၁၅၀၊ ပြည်သူ ထည့်ဝင်ငွေများစုပေါင်းကာ လုပ်ငန်းများဆောင်ရွက်ခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မီးသင်္ဂြိုဟ်စက်ဖြစ်မြောက်ရေးကော်မတီတို့က ရမည်းသင်းရွာတန်းသွား ကားလမ်းဘေးတွင် မီးသင်္ဂြိုဟ်စက်တည်ဆောက်ရန် မြေ ၁၀ ဧက ဝယ်ယူကာ သစ်ပင် ချုံနွယ်များရှင်းလင်းခြင်း၊ မြေညှိခြင်း၊ လမ်းခင်းခြင်း၊ တံတားများ ဆောက်လုပ်ခြင်းနှင့် အရိပ်ရသစ်ပင်များ ဝဲယာတို့တွင် စိုက်ပျိုးထားရှိခြင်း၊ မြေကျင်းတူးခြင်း၊ အုတ်စီခြင်း၊ ခေါင်းတိုင်ရှည်များပြုလုပ်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ မီးသင်္ဂြိုဟ်စက်မှာ ဗုဒ္ဓဘာသာဝင်များအပြင် အခြားဘာသာဝင်များပါ အသုံးပြုနိုင်မည်ဖြစ်သည်။

မီးသင်္ဂြိုဟ်စက်အတွက် ရပ်ဝေး ရပ်နီးမှ ကုသိုလ်ပါဝင်လိုသူများသည် ဦးရွှေ (စံပြ)မုန့်ဆိုင် လမ်းမတော် ဖုန်း-၀၆၄-၄၀၁၉၉ ထံဆက်သွယ် လှူဒါန်းနိုင်သည်။ (၀၁၁)

ကလေးတွင် မော်တော်ယာဉ်လိုင်းများ စနစ်တကျပြေးဆွဲနိုင်ရေးညှိနှိုင်း

ကလေး ဇန်နဝါရီ ၂၈

ကလေးမြို့နယ်တွင် ပင်မယာဉ်ရပ်နားစခန်း (ကားကြီးကွင်း)သည် တောင်ဇလပ်ရပ်ကွက် ဘူတာလမ်း ခရိုင်ထွေ/အုပ်ရုံးအနီးတွင်တည်ရှိသည်။ ကလေးမြို့နယ်တွင် ယာဉ်အသင်းပေါင်း ၄၇ သင်းခန့်ရှိ၍ နေ့စဉ်ဝင်ထွက် သွားလာနေကြသော ခရီးသွားပြည်သူများ အလွန်များပြားလှသည်။ ထိုကဲ့သို့ နေ့စဉ်နှင့်အမျှ တိုးတက်များပြားလာသော ခရီးသည်များနှင့် ယာဉ်လိုင်းများအကြား တစ်နေရာတည်းတွင် စုစုစည်းစည်း အဆင်ပြေစေရေး ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများ စနစ်တကျပြေးဆွဲနိုင်ရေးရည်ရွယ်ကာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအကြား ညှိနှိုင်းဖြေရှင်းပေးသည့် အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က ကားကြီးကွင်း ပင်မဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တာဝန်ရှိသူများက ယာဉ်လိုင်းများပြေးဆွဲရာတွင်လည်း အသိအမှတ်ပြု မှတ်ပုံတင်အသင်းဝင်ဖြစ်ရန်၊ ယာဉ်ထွက်ခွာကြီးကြပ်မှုအခကြေးငွေများကိုလည်း မှန်မှန်ပေးဆောင်ကြရန်၊ တရားမဝင်ကုန်စည်များ သယ်ဆောင်နေသည်ဟု ကြားသိရ၍သယ်ဆောင်ခြင်းမပြုကြရန် ဆွေးနွေးမှာကြားသည်။ (သျှင်နေမင်း-ဂန့်ဂေါ)

ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

မြစ်ကြီးနား ဇန်နဝါရီ ၂၈

ကချင်ပြည်နယ်ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်ထားရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက အမှာစကား ပြောကြားသည်။

ထို့နောက် မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်၊ ဗန်းမော်ခရိုင်၊ ပူတာအိုခရိုင် အုပ်ချုပ်ရေးမှူးများက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်အပ်နိုင်ရေးဆောင်ရွက်နေမှု အခြေအနေများနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်အပေါ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရှိရသည်။ (ပြည်နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်တွင်းသတင်းနှင့်အားကစား

ခရီးစရိတ်မတတ်နိုင်၍ ရွှေးပုန်းသီးဘောလုံးသမားများ အခက်ကြုံ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အနေဖြင့် မြန်မာ့လက်ရွေးစင် U-16 အမျိုးသားဘောလုံးအသင်းကို ဖွဲ့စည်းနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့မှ လူငယ်ဘောလုံးကစားသမားများအား လူရွေးချယ်ပွဲကိုမန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီ၌ ဇန်နဝါရီ၁၉ရက်နှင့်၂၀ ရက်များက ကျင်းပခဲ့ကြောင်း သိရသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့များရှိ လေဆိပ်များမှ မန္တလေးလေဆိပ်သို့ မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် လေယာဉ်လက်မှတ်တစ်စောင်၏ တန်ဖိုးဈေးနှုန်းမှာ ငွေကျပ်၇၅၀၀၀၊ ပုဂ္ဂလိကလေကြောင်းခရီးစဉ်ဖြင့် လေယာဉ်လက်မှတ်တစ်စောင်၏တန်ဖိုး ဈေးနှုန်းမှာ ငွေကျပ် ၁၀၀၀၀၀ ဖြစ်သည်။ မြို့တွင်းမှ ကျိုင်းတုံလေဆိပ်(သို့မဟုတ်) တာချီလိတ်လေဆိပ်သို့ အငှားယာဉ်စီးခ ငွေကျပ်၃၀၀၀၊ မန္တလေးလေဆိပ်မှ မန္တလေးမြို့တွင်းသို့ အငှားယာဉ်စီးခမှာ ငွေကျပ်၅၀၀၀ဖြစ်သည်။ နေထိုင်စားသောက်စရိတ်များပေါင်းလိုက်မည်ဆိုပါက လူငယ်တစ်ဦးအနေဖြင့်အရွေးချယ်ခံ ခရီးသွားရောက်နိုင်ရန်အတွက် ခရီးစရိတ် ငွေကျပ် သုံးသိန်းကျော်ခန့် ကုန်ကျမည်ဖြစ်သည်။ အခြားသောမြို့နယ်များမှ ကျိုင်းတုံမြို့(သို့မဟုတ်) တာချီလိတ်မြို့သို့ လာရောက်ကြပြီး မန္တလေးမြို့သို့ ဆက်လက်ခရီးသွားကြရမည့် လူငယ်များအနေဖြင့် ယခုထက်ပိုမို ကုန်ကျကြမည်ဖြစ်သည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့မှ တင်မောင်ထွန်း၊ စောမြသွေး (ခ) ဂျွန်စတုန်း၊ နေသူလှိုင်၊ သန့်စင်ဦး၊ စုငြိမ်းအေး၊ မိုင်းခတ်မြို့မှ တင့်နိုင်ထွန်းသိန်း၊ တာချီလိတ်မှ စိုင်းဝမ်းလျှိုး၊ ဗလချောင်အာစသည့် မြန်မာ့လက်ရွေးစင် ဘောလုံးသမားများ ထွက်ပေါ်ခဲ့ပြီး U-17 တိုင်းဒေသကြီး/ပြည်နယ် ပြိုင်ပွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)အနေဖြင့် တတိယဆုရရှိခဲ့ဖူးသည့် သမိုင်းအစဉ်အလာရှိခဲ့သည်။ သို့သော် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ အလားအလာရှိ လူငယ်များအနေဖြင့် အရွေးချယ်ခံ ခရီးသွားရောက်ကြရန် ခရီးစရိတ်ငွေ မတတ်နိုင်ကြ၍မသွားရောက်နိုင်၊ ရွေးချယ်ခံခြင်း မပြုနိုင်ကြကြောင်း ဝမ်းနည်း စိတ်မကောင်းဖွယ် ကြားသိရသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကဲ့သို့ သမိုင်းအစဉ်အလာရှိခဲ့ကြသည့်အခြားသော တိုင်းဒေသကြီး/ပြည်နယ်များမှ လူငယ် အများအပြားသည်လည်း အရွေးချယ်ခံခရီးကို သွားရောက်ကြရန် အလို့ငှာ ခရီးစရိတ်ငွေ မတတ်နိုင်ကြသူများမှာ အများအပြားရှိနိုင်သည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လူရွေးချယ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ကာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ်များသို့ သွားရောက်ကြပြီး သက်ဆိုင်ရာအားကစားနှင့် ကာယပညာဦးစီးဌာန၊ ပညာရေးဌာန၊ လက်ရွေးစင်ဘောလုံးသမားဟောင်းကြီးများနှင့် ပူးပေါင်းအကူအညီရယူ၍ မြန်မာပြည်အနှံ့ ကောက်သင်းကောက်စနစ်ဖြင့် ပဏာမ ရွေးချယ်ပြီး အလားအလာရှိသည့် လူငယ်များကိုသက်ဆိုင်ရာမြို့နယ်များမှ တာဝန်ရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီ ထောက်ပံ့မှုများဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့များသို့ ဆက်လက်ခေါ်ယူစမ်းသပ်ရွေးချယ်ပွဲများ ပြုလုပ်ပြီး မြန်မာ့လက်ရွေးစင် U-16 အမျိုးသားဘောလုံးအသင်းကို ဖွဲ့စည်းမည်ဆိုပါလျှင် မြန်မာနိုင်ငံတစ်ဝန်းလုံးကို ကိုယ်စားပြုသော မြန်မာ့လက်ရွေးစင် U-16 အမျိုးသားဘောလုံး အသင်းအဖြစ် ထွက်ပေါ်လာမည်ဖြစ်ကာ မြန်မာနိုင်ငံ ဒေသအနှံ့အပြားမှ ရွှေးပုန်းသီး လူငယ်ကလေးများ၊ မီးခဲပြာဖုံး လူငယ်ကလေးများလည်းပိုမိုထွက်ပေါ်လာမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း "မြန်မာ့ဘောလုံး ပိုမိုတိုးတက်ပါစေ" ဆုမွန်တောင်းလျက် စေတနာကောင်းဖြင့် ရေးသားတင်ပြအပ်ပါသည်။

နိုင်နိုင်အောင်ဝေ

အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ အိုင်ဗရီကို့စ် ကွာတားတက်ပြီ

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို တောင်အာဖရိကနိုင်ငံ၌ ကျင်းပလျက်ရှိရာ အိုင်ဗရီကို့စ်က တူနီးရှားအသင်းကို သုံးဂိုးပြတ်ဖြင့် နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ အိုင်ဗရီကို့စ်အတွက် ဂါဗင်ညို၊ ယာယာတိုရေးနှင့်ယာကိုနန်တို့ကသွင်းယူခဲ့သည်။ အိုင်ဗရီကို့စ်တို့ ယင်းပွဲ အနိုင်ရလိုက်သဖြင့် အုပ်စု(D)တွင်ခြောက်မှတ်ဖြင့် ဦးဆောင်ပြီးကွာတားတက်ခဲ့သည်။

ခရစ်ဝုဒ် ကာတာဖလားဆွတ်ခူး

အင်္ဂလန်ဂေါက်သီးကစားသမား ခရစ်ဝုဒ်သည် ကာတာဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျှော့ရိုက်ပြီး ဖလား ဆွတ်ခူးသွားခဲ့သည်။ ယင်းဖလားသည် ၎င်းအတွက် ပထမဆုံးသော ယူရိုပီယံတိုးဖလားဖြစ်သည်။ ၎င်းသည် ၂၀၁၂ ထိုင်း အိုးပင်းဖလားကို ဆွတ်ခူးခဲ့သူလည်းဖြစ်သည်။ ခရစ်ဝုဒ်သည် နောက်ဆုံးကျင်းတွင် အီးဂဲလ်ရပြီး ဖလားဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။

သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ အဇာရင်ကာ ဖလားဆွတ်ခူး

ဘယ်လာရုစ်တင်းနစ်မယ် ဗစ်တိုးရီးယား အဇာရင်ကာသည် သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ကျင်းပသော သြစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တရုတ်တင်းနစ်မယ်လီနာကိုနိုင်ပြီး ၎င်း၏ချန်ပီယံဆုဖလားကို ပြန်လည်ရယူနိုင်ခဲ့သလို ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်အဖြစ်လည်း ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။ အသက် ၂၃ နှစ်ရှိ အဇာရင်ကာသည် လီနာအား ၄-၆၊ ၆-၄၊ ၆-၃ဖြင့်နိုင်ပြီးဖလားဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ကြိုးစားခဲ့

အဇာရင်ကာသည် ပြီးခဲ့သည့်နှစ် မဲလ်ဘုန်းပတ်ခ်တွင် ဖလားဆွတ်ခူးခဲ့ပြီးနောက် ဒုတိယအကြိမ်မြောက် ဂရင်း ဆလမ်ဖလား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ တရုတ် တင်းနစ်မယ်လီနာသည် ၂၀၁၁ ပြင်သစ်အိုးပင်း ပြိုင်ပွဲပြီးနောက် ပထမဆုံးဂရင်းဆလမ်ဖလား ဆွတ်ခူးရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

ကောင်းမြတ်သူ-စုစည်းသည်

ရှမ်းစာပေ ပညာရှင်များအား ပူဇော်ကန်တော့

ကျောက်မဲ ဇန်နဝါရီ ၂၈

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ကြီးမှူးပြီး ရှမ်းစာဆိုတော်နေ့ (ပွဲခူးမော်)နှင့်ရှေး ရှမ်းစာပေပညာရှင်များ၏ ဂုဏ်ကျေးဇူးကို ဖော်ထုတ်ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ကျောက်မဲမြို့နယ်ကောင်းမူးပွတ် (မန်ကောင်းမူး) ကျေးရွာရှိ ဂူဗိမာန်တွင် ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီ က ကျင်းပသည်။ ယင်းနေ့ နံနက် ၇ နာရီအချိန်တွင် ကမ္ဘောဇရှမ်းကျောင်းကြီးမှ တစ်ဆင့် ကျောက်မဲမြို့မှ ငါးမိုင်ခန့်ကွာဝေးသော ရှေးရှမ်းစာပေပညာရှင်ကြီး၏ ဂူဗိမာန်သို့ ရှမ်းအိုးစည်အကအခုံများဖြင့် စီတန်းလမ်းလျှောက်သွားကြသည်။

စာပေပညာရှင်၏ ဂူဗိမာန်တွင် ပူဇော်ကန်တော့ကြပြီး ရှေးရှမ်းစာပေပညာရှင်ကြီးများ၏ ဂုဏ်ကျေးဇူးများကို ဖော်ထုတ်ဟောပြောခြင်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှု မြင့်တင်ရေး၊ ထိန်းသိမ်း စောင့်ရှောက်ရေးများနှင့် ပတ်သက်ပြီး တာဝန်ရှိသူများက ဟောပြောကြသည်။ **(မောင်မောင်)**

မြို့ရွာသန့်ရှင်းသာယာလှပရေး အားလုံးပါဝင်ကူညီဆောင်ရွက်ပေး

ရန်ကုန် ဇန်နဝါရီ ၂၈

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အမှိုက်သိမ်းယာဉ်များဖြင့် ရပ်ကွက်များအတွင်း လိုက်လံ သိမ်းဆည်းလျက် ရှိသော်လည်း လမ်းသွယ်၊လမ်းမများပေါ်တွင် အမှိုက်သရိုက်များ၊ ပလတ်စတစ် ကြွပ်ကြွပ်အိတ်များ အရုပ်ဆိုးစွာ ညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။

စည်ပင် အမှိုက်သိမ်းလုပ်သားများ အနေဖြင့် မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်များမှစွန့်ပစ်သော အမှိုက်ထုပ်များကိုသာ အဓိကအားဖြင့် သယ်ယူပေးလျက်ရှိသည်။ လမ်းများအတွင်း၊ ရေနုတ်မြောင်းများအတွင်း ရှိသော အမှိုက်သရိုက်များနှင့် မြောင်းများအတွင်းတွင်လည်းသစ်ပင်များ ပေါက်ရောက်မှုကြောင့် ညစ်ညမ်းလျက်ရှိပါသည်။ ယင်းညစ်ညမ်းမှုများကို ရပ်ကွက်အတွင်း မှီတင်း နေထိုင်ကြသော ပြည်သူတစ်ရပ်လုံးအနေဖြင့် စုပေါင်းသန့်ရှင်းရေး ရက်သတ္တပတ်များ ပြုလုပ်ကာသန့်ရှင်းရေး ပြုလုပ်သွားသင့်ပါသည်။ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်တာဝန်ရှိသူများအနေဖြင့် စုပေါင်းသန့်ရှင်းရေးကို ဦးဆောင်ဦးရွက်ပြုလုပ်ကိုင်သွားသင့်ပါသည်။ သို့မှသာ ရပ်ကွက်များ၊ လမ်းများ အစဉ်သန့်ရှင်းသာယာလှပလာမည် ဖြစ်ပါသည်။ ရပ်ကွက်များ၊ ကျေးလက်များ သာယာပါမှ မြို့ပြ သန့်ရှင်းသာယာလှပလာမည်ဖြစ်ပါသည်။ မြို့ပြများ သန့်ရှင်းသာယာလှပပါမှ တစ်နိုင်ငံလုံး သန့်ရှင်း သာယာလှပလာမည်ဖြစ်ပါသည်။

နိုင်ငံ၊ မြို့ပြသာယာလှပမှုသည် လူနေမှုအဆင့်အတန်းကို ဖော်ပြရာရောက်ပါသည်။ သန့်ရှင်းသာယာသော နိုင်ငံ၊မြို့ပြများသည် ဂုဏ်ကိုတိုးတက်မြင့်မားစေနိုင်ပါသည်။ အားလုံးသန့်ရှင်းပါမှ မြန်မာပြည်သူတစ်ရပ်လုံး ဂုဏ်တင့်တယ်စေမည် ဖြစ်ပါသည်။ သို့ပါ၍ မြို့ရွာ သန့်ရှင်းသာယာလှပရေးအတွက် အားလုံးပါဝင်ကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုက်ပါသည်။ ။

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အမည်ပြောင်း

ဦးမျိုးသန့် ၁၂/ကမရ(နိုင်)၀၁၁၂၀၂၏သား Grade 5F(TTC) မှ မောင်အောင်မျိုးဆက်အား ယနေ့မှစ၍ မောင်ကောင်းဆက်ဝင်းဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

မောင်ကောင်းဆက်ဝင်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂-အိုင်)၊မြေကွက်အမှတ်($\frac{၄၃၈E^{\circ}}{C^{၁-A}} + \frac{၄၃၈E^{\circ}}{C^{၂}} + \frac{၄၃၈E^{\circ}}{C^{၃-A}}$)၊ ဧရိယာ ၀ ဒသမ ၃၅၈ဧကရှိသောမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ် ၄၆ဟုခေါ်တွင်သော နှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးတင်အေး၊ ဒေါ်တင်လှိုင်တို့၏အမည်ဖြင့်တည်ရှိသောမြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်ဖြစ်သူ ဦးတင်အေး HZA-၁၉၉၀၈၀၊ ဒေါ်တင်လှိုင် CC-၀၃၉၁၃၄တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်အပါအဝင် အဆောက်အအုံတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်မိုး
LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၉၀)

ဦးအောင်မင်းနိုင်
LL.B, C.B.L, WIPO-DL-101 (GENEVA)
အထက်တန်းရှေ့နေ (စဉ်-၂၅၄၀၇)

ဦးသန့်ဇော်လွင်
LL.B, D.B.L
အထက်တန်းရှေ့နေ (စဉ်-၃၈၇၃၁)

အမှတ် ၅၆၁ ပထမထပ်၊ M.A.C Tower၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/B၊ မြေကွက်အမှတ် $\frac{၆၉၄-A^{\circ}}{၂}$၊ ဧရိယာ ၀ဒသမ ၁၉၃ဧကရှိသော ဂရန်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း၊ အမှတ်(၁၇)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် မောင်မိုးလွင်၊ မောင်အောင်လွင်နှင့် မောင်ခိုင်လွင်တို့အမည်ဖြင့်တည်ရှိပြီး ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၂၄၉၄/၂၀၁၂)အရ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါက်တာမိုးလွင် ၁၂/ဗဟန(နိုင်)၀၀၄၈၄၇ နှင့် ဦးအောင်လွင် ၁၂/ဗဟန(နိုင်) ၀၀၅၁၆၅ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်အပါအဝင် အဆောက်အအုံတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်မိုး
LL.B, D.B.L,D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၉၀)

ဦးအောင်မင်းနိုင်
LL.B, C.B.L, WIPO-DL-101(GENEVA)
အထက်တန်းရှေ့နေ(စဉ်-၂၅၄၀၇)

ဦးသန့်ဇော်လွင်
LL.B, D.B.L
အထက်တန်းရှေ့နေ(စဉ်-၃၈၇၃၁)

အမှတ် ၅၆၁၊ ပထမထပ်၊ M.A.C Tower၊ **ကုန်သည်လမ်း၊**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် ၂၀(က)ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ် ၁၂၇(ခ)အမည်တွင်သည့် မြေနှင့်အိမ်သည် ကျွန်မ ဒေါ်မွေးတစ်ဦးတည်းပိုင်ဆိုင်ပြီး သား ဦးလှဝင်း ၁၄/ဖပန(နိုင်)၀၀၀၇၉၇နှင့် ဇနီးတို့အား မေတ္တာဖြင့်နေထိုင်ခွင့်ပြုထားပါသည်။ အဆိုပါမြေနှင့်အိမ်ကို ကျွန်မသဘောတူခွင့်ပြုချက်မရှိဘဲ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း မပြုပါရန်နှင့် ပြုမူခဲ့ပါက ပြုမူသူ၏တာဝန်သာဖြစ်ပြီး တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

ဒေါ်မွေး
၁၄/ဖပန(နိုင်)၀၄၅၅၃၄
အမှတ် ၉၃/၁၂၃လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်

ကွာရှင်းပြတ်စဲခြင်း

ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့၊ အမှတ်(၁)နေ ဦးသိန်း၏သမီး မမိုးသီတာ ၉/ဝတန(နိုင်)၀၀၄၈၉၇နှင့် သဲတောမြို့၊ အမှတ်(၃)နေ ဦးကံချွန်၏သား မောင်သူရစိုး ၉/ဝတန(နိုင်)၁၁၃၆၈၉ တို့သည် ၅-၉-၂၀၀၈ တွင် ဝမ်းတွင်းမြို့နယ်တရားရုံး၌ တရားသူကြီးဒေါ်သင်းသင်းလွင်၏ရှေ့မှောက်တွင် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်၍ မည်သို့မျှမသက်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။ မောင်သူရစိုးနှင့်ပတ်သက်သော ကိစ္စအဝဝကို (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မမိုးသီတာ
၉/ဝတန(နိုင်)၀၀၄၈၉၇

နိုင်ငံတကာအားကစားသတင်း

အင်တာမီလန်တို့အမှတ်ခွဲပေးရတဲ့ စီးရီးအေပွဲစဉ်

မိုးမြင့်လင်းလက်- ရေးသားသည်

အီတလီစီးရီးအေပွဲစဉ်ကို ဇန်နဝါရီ ၂၇ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ အင်တာမီလန်က အိမ်ကွင်းမှာသရေပွဲဖြစ်ပြီး အမှတ်ဆုံးရှုံးခဲ့ရပေမယ့် အေစီမီလန်တို့က အဝေးကွင်းမှာ နိုင်ပွဲရခဲ့တာမို့ အဖိုးတန်သုံးမှတ်ကို ရယူသိမ်းဆည်းနိုင်ခဲ့ပါတယ်။ ဒီတစ်ပတ် ပွဲစဉ်တွေက မမျှော်လင့်တဲ့ရလဒ်တွေ ဖြစ်ပေါ်ခဲ့တာမို့ စီးရီးအေပြိုင်ပွဲတွေဟာ ရင်ခုန်လှုပ်ရှားဖွယ်ဖြစ်နေတာတော့ အမှန်ပါပဲ။

အင်တာမီလန် ၂ - ၂ တိုရီနို

အင်တာမီလန်ဟာ အိမ်ကွင်းမှာကစားရတဲ့ပွဲမို့ တိုက်စစ်ဖွင့်ကစားတာကြောင့် ပွဲချိန် ၅ မိနစ်မှာပဲ ချီဗူးက အဖွင့်ဂိုး စောစီးစွာသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဧည့်သည်တိုရီနိုတို့က ချေပဂိုးရရှိရေး မာမာတင်းတင်းတုံ့ပြန် ကစားခဲ့တာကြောင့် ပွဲချိန် ၂၃ မိနစ်မှာ မက်ဂီကချေပဂိုးသွင်းယူနိုင်ခဲ့ပြီး တစ်ဂိုးစီ သရေဖြစ်နေခဲ့ပါတယ်။ ဒုတိယပိုင်းပွဲအစ ပွဲချိန် ၅၂ မိနစ်မှာ မက်ဂီကပဲ ဒုတိယဂိုးထပ်မံသွင်းယူခဲ့တာကြောင့် တိုရီနိုတို့ ဦးဆောင်ဂိုး ရရှိခဲ့ပြန်ပါတယ်။ အင်တာမီလန်တို့က ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားခဲ့တာမို့ ပွဲချိန် ၆၇ မိနစ်မှာ ကမ်ဘီရာဆိုက ချေပဂိုးပြန်သွင်းယူနိုင်ခဲ့လို့ ပွဲအပြီးမှာ အင်တာမီလန်တို့ ကံကောင်းစွာ သရေပွဲဖြစ်ပြီး တစ်မှတ်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

အတ္တလန္တာ ၀ - ၁ အေစီမီလန်

အမှတ်လိုအပ်နေတဲ့ အေစီမီလန်ဟာ အဝေးကွင်းမှာ ကစားရပေမယ့် ဖိဖိစီးစီးကစားခဲ့လို့ ပွဲချိန် ၂၉ မိနစ်မှာ ရှာရာဝေးက ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ပထမပိုင်းပွဲချိန်ပြီးတဲ့ အထိ ဂိုးထပ်မသွင်းနိုင်တာမို့ ဒုတိယပိုင်းပွဲချိန်အတွင်းမှာ ဂိုးထပ်မံသွင်းယူနိုင်ရေးကြိုးစားခဲ့ပေမယ့် ရလဒ်မပြောင်းလဲနိုင်ခဲ့ပါဘူး။ ပွဲချိန် ၅၈ မိနစ်မှာ အတ္တလန္တာမှ ဘရီဗီအိုနှစ်ဝါတစ်နီနဲ့ အထုတ်ခံရလို့ ကစားအားကျသွားခဲ့ပေမယ့် ပွဲပြီးတဲ့အထိ အေစီမီလန်တို့ ဂိုးထပ်မသွင်းနိုင်ဘဲ တစ်ဂိုး -ဂိုးမရှိနဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဘိုလော့ဂ်နာ ၃-၃ ရိုးမား

အကြိတ်အနယ်ရှိပြီး အပြန်အလှန်ဂိုးတွေ သွင်းယူခဲ့ကြတဲ့ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပါတယ်။ ရိုးမားဟာ ပွဲစချိန် ၉ မိနစ်မှာပဲ ဖလော့ရင့်ဇီရဲ့သွင်းဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် အိမ်ရှင်ဘိုလော့ဂ်နာတို့က အားထည့်ကစားခဲ့တာမို့ ပွဲချိန် ၁၇ မိနစ်မှာပဲ ဂီလာဒီနိုက ချေပဂိုး ပြန်သွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၁၈ မိနစ်မှာ အိုစမာဒိုက ရိုးမားအတွက် ဦးဆောင်ဂိုး ပြန်သွင်းယူခဲ့ပေမယ့် ဘိုလော့နာတို့က အတင်းဝင်အတင်းထွက် ကစားခဲ့တာမို့ ပွဲချိန် ၂၆ မိနစ်မှာ ဂါဘီရာဒီနီက ဘိုလော့နာအတွက် ချေပဂိုးသွင်းယူပေးခဲ့ပြန်ပါတယ်။ ဆက်လက်ပြီး ပွဲချိန် ၅၄ မိနစ်မှာ ပက်စ်ဟွာဒိုက ဘိုလော့နာအတွက် ဦးဆောင်ဂိုးထပ်သွင်းပေးခဲ့တာမို့ သုံးဂိုး-နှစ်ဂိုးနဲ့ ဘိုလော့ဂ်နာတို့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ရိုးမားဟာ ချေပဂိုးရရှိရေးဖိကစားခဲ့ပြီး နေရာစုံက ထိုးဖောက်ကစားခဲ့တာမို့ ပွဲချိန် ၇၄ မိနစ်မှာ တက်စ်စီဒက်စ်က ချေပဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် ပွဲအပြီးမှာ ဘိုလော့ဂ်နာနဲ့ ရိုးမားတို့သရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲယူခဲ့ကြခြင်းဖြစ်ပါတယ်။

ပါးမား ၁-၂ နာပိုလီ

နာပိုလီဟာ ပွဲစတင်ကတည်းက အပေးအယူ အချိတ်အဆက်မှန်မှန်နဲ့ ကစားခဲ့တာမို့ ပါးမားတို့ ဂိုးရရှိရေး ခက်ခဲခဲ့ပါတယ်။ နာပိုလီဟာ ပါးမားနောက်တန်းကို ဖြတ်ကျော်မှုတွေ ပြုလုပ်နိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၂၀ မှာ ဟမ်ဆစ်က အဖွင့်ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်နိုင်ခဲ့တဲ့ ပါးမားဟာ ချေပဂိုးရရှိရေး ကြိုးစားခဲ့ပေမယ့် ဒုတိယပိုင်း ၇၄ မိနစ်ရောက်မှသာ နာပိုလီအသင်းရဲ့ ကင်နာဗာရို ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားတာမို့ ချေပဂိုး လက်ဆောင်ရရှိသွားခြင်းဖြစ်ပါတယ်။ နာပိုလီဟာ အနိုင်ဂိုးတွေသွင်းယူနိုင်ရေး ထိုးဖောက်ကစားခဲ့တာမို့ ပွဲချိန် ၈၅ မိနစ်မှာ ကာဗာနီက အနိုင်ဂိုး သွင်းယူခဲ့တာကြောင့် ပွဲအပြီးမှာ နာပိုလီက နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။ ။

အားကစားသတင်း အတိုအထွာ

- နေ့ဝှစ်အသင်းသည် ဆဲလ်တစ်တိုက်စစ်မှူး ဂါရီဟိုးပါးအား ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်းဖြင့် ခေါ်ယူရန် ကြိုးစားနေသော်လည်း အဆိုပါ အသက် ၂၅ နှစ်အရွယ် တိုက်စစ်မှူးကို ပြောင်းရွှေ့ကြေး အနည်းဆုံး ပေါင်ရှစ်သန်းပေးမှသာ စဉ်းစားမည်ဖြစ်ကြောင်း ဆဲလ်တစ်က တုံ့ပြန်ပြောကြားထားသည်။
- ကျူပီအာအသင်းမှ တောင်ပံကစားသမား ဂျာမိန်းဗက်ကီအား ဖူလ်ဟမ်အသင်းက ပြောင်းရွှေ့ကြေး ပေါင်သုံးသန်းပေး၍ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- ဝက်စ်ဘရွန်းတိုက်စစ်မှူး အသက် ၃၁ နှစ်အရွယ်ရှိ ပီတာအိုဒမ်ဝင်ဂီအား ကျူပီအာအသင်းက ပြောင်းရွှေ့ကြေးပေါင် ၃ ဒသမ ၂၅ သန်းဖြင့် ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- အာဆင်နယ်အသင်းသည်ဘာစီလိုနာတိုက်စစ်မှူး အသက် ၃၁နှစ်အရွယ်ရှိ ဒေးဗစ်ဗီလာအား ခေါ်ယူနိုင်ရေး ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- ချယ်လ်ဆီးအသင်းသည် ဘာမင်ဂမ်အသင်းမှ ဂိုးသမား ဂျက်ဘတ်လန်းအား ခေါ်ယူရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်စ်က မိမိအသင်းအတွက် လောလောဆယ်တွင် ကစားသမားအသစ် ဝယ်ယူဖြည့်ဆည်းမည်မဟုတ်ကြောင်း ပြောကြားသည်။
- ဟက်ဒါဖီးလ်အသင်းသည် နည်းပြအသစ် အစားထိုးခန့်အပ်ရန် ဆောက်သမ်တန်နည်းပြဟောင်း နီဂယ်အက်ကင်မ်အား ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- မန်ယူအသင်း ဂိုးနည်းပြဟောင်း တိုနီကိုတန်က မန်ယူဂိုးသမား ဒေးဗစ်ဒီဂီရာသည် အစွမ်းထက်သော ဂိုးသမားတစ်ဦးဖြစ်ကြောင်း၊ ၎င်းကို ဆက်လက်တာဝန်ပေးရန်လိုကြောင်း ကာကွယ်ပြောကြားသည်။
- အာဆင်နယ်အသင်းသည် အက်ဖ်အေဖလားပွဲ၌ ဘရိုက်တန်အသင်းအား နိုင်ပွဲရရှိခဲ့သော်လည်း နည်းပြအာစင်ဝင်းဂါးအပေါ် အားရမှုမရှိကြောင်း ပရိသတ်များက ဝေဖန်ပြစ်တင်ခဲ့သည်။
- အင်တာမီလန်အသင်းသည် ဘရာဇီးလူငယ်ကစားသမား ကူတင်ဟိုအား လီဗာပူးနှင့် ဆောက်သမ်တန်တို့က ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းပေး၍ ကမ်းလှမ်းနေမှုအပေါ် စဉ်းစားလျက်ရှိသည်။
- ဘလက်ဘန်းအသင်းမှ နောက်ခံကစားသမား မာတင်အိုလ်ဆင်အား ဝက်စ်ဟမ်းအသင်းသို့ ရောင်းချရန် ဆွေးနွေးလျက်ရှိသည်။
- ဘာမင်ဂမ်အသင်းဂိုးသမား အသက် ၁၉ နှစ်အရွယ်ရှိ ဘတ်လန်းအား ဖူလ်ဟမ်၊ ဆောက်သမ်တန်၊ လီဗာပူးနှင့် အဲဗာတန်တို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

မောင်ချစ်ကြည် - ရေးသားသည်

သြစတြေးလျအိုးပင်းတင်းနစ်ဖလား ဂျိုကိုဗစ် လေးကြိမ်မြောက်ဆွတ်ခူး

မောင်သစ္စာ–ရေးသည်

မဲလ်ဘုန်း ဇန်နဝါရီ ၂၈

သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ ဂျိုကိုဗစ်က အင်ဒီမာရေးအား အနိုင်ရပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ယခုပွဲ၌ ဂျိုကိုဗစ်သည် အင်ဒီမာရေးအား ၆-၇ (၂-၇)၊ ၇-၆ (၇-၃)၊ ၆-၃၊ ၆-၂ ဖြင့် အနိုင်ယူ ကစားခဲ့ခြင်းဖြစ်သည်။ ဂျိုကိုဗစ်သည် ယခုပြိုင်ပွဲ၌ ပထမပွဲစဉ်တွင် အမှားအယွင်း အနည်းငယ်ရှိခဲ့သော်လည်း နောက်ပွဲစဉ်များ၌ ပုံမှန်လက်စွမ်းပြ ယှဉ်ပြိုင်နိုင်ခဲ့သည်။

"အခုပွဲမှာ အင်ဒီမာရေးရဲ့ ကစားပုံလည်း ကောင်းမွန်ခဲ့ပါတယ်" ဟု ပြိုင်ဘက်ဖြစ်သူ အင်ဒီမာရေးကို ဂျိုကိုဗစ်က ချီးကျူးစကားပြောကြားခဲ့သည်။ ယခုပြိုင်ပွဲ၌ ဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းသည် လေးကြိမ်မြောက် သြစတြေးလျ အိုးပင်းဆုဖလားကို ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် သြစတြေးလျ အိုးပင်းပြိုင်ပွဲဝင်များဖြစ်သည့် ၂၀၀၈ ခုနှစ် ပြိုင်ပွဲတွင် ဆန်ဂါအား အနိုင်ယူခဲ့ပြီး ၂၀၁၁ ခုနှစ် ပြိုင်ပွဲ၌ အင်ဒီမာရေးကို အနိုင်ကစားကာ ဆုဖလားရယူနိုင်ခဲ့သည်။ တစ်ဖန် ၂၀၁၂ ခုနှစ် ပြိုင်ပွဲ၌ ရာဖေးလ်နာဒယ်ကို အနိုင်ယူပြီး ဆုဖလားဆွတ်ခူးခဲ့သလို ယခု ၂၀၁၃ ခုနှစ်၌လည်း အင်ဒီမာရေးကို အနိုင်ကစားကာ ဆုဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် သြစတြေးလျ အိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲသမိုင်းတွင် ၁၉၆၇ ခုနှစ်မှ စတင်ကာ လေးကြိမ်ဆုဖလား ဆွတ်ခူးနိုင်သည့် ပထမဆုံး တင်းနစ်ကစားသမားအဖြစ် ဂျိုကိုဗစ် မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။ သုံးကြိမ်ဆုဖလားဆွတ်ခူးခဲ့သူမှာ သြစတြေးလျတင်းနစ်သမား အီမာဆင်ဖြစ်ပြီး ၁၉၆၇ ခုနှစ်က သုံးကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ (ဆင်ဟွာ)

သြစတြေးလျအိုးပင်းပြိုင်ပွဲတွင် အင်ဒီမာရေးကို အနိုင်ယူအောင်ပွဲခံခဲ့သည့် ဂျိုကိုဗစ်အား ဆုဖလားနှင့်အတူ ဤသို့တွေ့ရသည်။

စာအုပ်စာပေ လှူမိတ်ဆွေ



ခြံရောင်းမည်

(ပိုင်ရှင်ကိုယ်တိုင်)

လှည်းကူး၊ ပြည်တော်သာ(၆)လမ်း၊ ပေ(၄၀×၆၀)၊ ကျပ်သိန်း ၈၀၊ **ညှိနှိုင်း။**

ဖုန်း-၀၉-၇၃၂၀၂၂၉၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/က၊ ဂရန်မြေကွက်အမှတ် ၂၁/ခ၊ လှော်ကားလမ်း၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ နှစ်၆၀ ဂရန်မြေနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးအောင်သန်း ၁၂/ဥကတ(နိုင်)၁၃၅၁၇၉ထံမှ ကျွန်ုပ်က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို မိမိတို့ပိုင်ဆိုင်ကြောင်း အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ယင်းမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်ညို
အမှတ် ၄၁/စီ၊ မိုးစန္ဒာလမ်း၊ ကမာရွတ်၊ ရန်ကုန်
ဖုန်း-၀၉-၅၀၀၁၃၇၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅၊ ဂရန်မြေကွက်အမှတ် ၁၀၊ လှော်ကားလမ်းမ၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးဟိန်းလတ် ၇/ပခန(နိုင်)၂၅၀၂၂၈ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို မိမိတို့ပိုင်ဆိုင်ကြောင်း အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ယင်းမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်နန်းသစ္စာ
အမှတ် ၄(စီ)၊ မိုးစန္ဒာလမ်း၊ ကမာရွတ်၊ ရန်ကုန်
ဖုန်း-၀၉-၄၂၁၁၅၈၈၈၁

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရေချမ်းပြင်ကျေးရွာတွင် ကျောင်းဆောင်သစ်ဖွင့်

စစ်တွေ ဇန်နဝါရီ ၂၈

မိမိတို့ဒေသ၏ အေးချမ်းသာယာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာရေးအတွက် စည်းကမ်းတကျနေထိုင်ပြီး ကြိုးစားလုပ်ကိုင်သွားကြရန်လိုကြောင်း၊ ဒီကနေ့ ခေတ်ကာလဟာ အရှိန်အဟုန်ပြင်းစွာနှင့် လျင်မြန်စွာ တိုးတက်ပြောင်းလဲနေတဲ့ ကာလဖြစ်လို့ လူတိုင်းခေတ်နှင့် အညီလိုက်ပါ ပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးစားဆောင်ရွက်နေကြကြောင်း၊ ခေတ်နဲ့ အမီလိုက်နိုင်ဖို့ လူတိုင်းပညာတတ်မြောက်ရန် လိုအပ်ကြောင်း၊ ပညာကသာ အရာရာကို အဆုံးအဖြတ်ပေးနိုင်မှာဖြစ်ကြောင်း” စသည်ဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပပြုလုပ်သော စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်က အမှာစကားပြောကြားပြီး အထိမ်းအမှတ်အလံ ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် အရာရှိကြီးများ၊ ရခိုင်ပြည်နယ် ပညာရေးညွှန်ကြားရေးမှူး ဦးဟန်စိန်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ပညာရေးအရာရှိကြီးများနှင့် ဆရာ ဆရာမများ၊ ရေချမ်းပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်သူ ရွာသားများ၊ ကျောင်းဆောက်လုပ်ရေးကော်မတီဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် ကော်မတီလူကြီးများ စုံစုံညီညီတက်ရောက်ကြသည်။

၎င်းကျောင်းဆောင်မှာ သံကူကွန်ကရစ် အာစီစီတစ်ထပ်ဆောင်ဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရ ပံ့ပိုးငွေကျပ် ၄၃၇ သိန်း၊ ပြည်သူ ထည့်ဝင်ငွေကျပ် ၉၉ သိန်း စုစုပေါင်း ၅၃၆ သိန်းကုန်ကျကြောင်း သိရှိရသည်။

(လေးဝတီ-ထွန်းစောခိုင်)

မူးယစ်ဆေးဝါးနှင့် မှူခင်းကျဆင်းရေး ပညာပေးဟောပြော

ဖျာပုံ ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ အထကကျောင်းနှင့် သမိန်ထောကျေးရွာ အထကကျောင်းတို့တွင် ဇန်နဝါရီ ၂၀ ရက်က မူးယစ်ဆေးဝါးနှင့် မှူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဖျာပုံမြို့နယ် မူးယစ်ဆေးဝါးနှင့် မှူခင်းကျဆင်းရေးအသင်းဥက္ကဋ္ဌအငြိမ်းစားရဲအုပ်ကြီး ဦးလှတိုးက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေး အတွင်းရေးမှူးဒေါက်တာသန်းဌေးက မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးပညာပေး ဟောပြောသည်။ ထို့နောက် ကျုံကဒွန်းမြို့နယ်မှ ဒုရဲအုပ်အောင်မင်းစိုးက မူးယစ်ဆေးဝါးနှင့် ဥပဒေပညာပေးဟောပြောပြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ အငြိမ်းစားအလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးခင်ညိုက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများကို ပညာပေးဟောပြောခဲ့ကြသည်။

(မြို့နယ်ပြန်/ဆက်)

ဗန်းမော် - မြစ်ကြီးနား အမြန်ရေယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

မြစ်ကြီးနား ဇန်နဝါရီ ၂၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ငွေဧရာစက်တပ်အမြန်ရေယာဉ်အသင်းသည် ဗန်းမော်-မြစ်ကြီးနားရေကြောင်းလမ်းတွင် စက်တပ် အမြန်ရေယာဉ်လိုင်းသစ် ပြေးဆွဲပေးနေပြီဖြစ်ကြောင်း သိရှိရသည်။

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မြစ်ကြီးနားမြို့နယ် ငွေဧရာစက်တပ် အမြန်ရေယာဉ်အသင်းသည် ဗန်းမော်မြို့ မြို့မရပ်ကွက်ဆိပ်ကမ်း၌ ဇန်နဝါရီ ၂၄ ရက်နံနက် ၇ နာရီခွဲက ဗန်းမော်မှ မြစ်ကြီးနားသို့ စက်တပ်အမြန်ရေယာဉ်နေ့ချင်းပြန် စတင်ပြေးဆွဲပေးခဲ့သည်။ ဗန်းမော်မှ ရေယာဉ်ထွက်ချိန် နေ့စဉ် နံနက် ၇ နာရီခွဲ၊ မြစ်ကြီးနားမှ ရေယာဉ်ထွက်ချိန် နေ့စဉ်နံနက် ၈နာရီခွဲဖြစ်၏။ ဗန်းမော်မှ ထွက်ခွာသောရေယာဉ်သည် ညနေ ၄ နာရီတွင် မြစ်ကြီးနားသို့ရောက်၍ မြစ်ကြီးနားမှ ထွက်ခွာသော ရေယာဉ်သည် ညနေ ၄ နာရီ ဗန်းမော်သို့ဆိုက်ရောက်ကြောင်း သိရသည်။ မိုင်၁၂၀ ကွာဝေးသော ရေလမ်းခရီးတွင် ရေယာဉ်စီးခလူတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ဖြစ်သည်။ ခရီးစဉ်အစအဆုံး မြစ်ကြီးနား-ဗန်းမော် ခရီးစဉ်တစ်ခေါက်အတွက် ခရီးသည် တစ်ဦးလျှင် ၁၀၀ နှုန်းဖြင့် အသက်အာမခံ ကြေးပေးသွင်းရမည်ဖြစ်၍ အမြန်ရေယာဉ်စီးလက်မှတ်ပေါ်တွင် ခရီးသွားအာမခံကြေး ငွေကျပ် ၁၀၀ပါပြီးဖြစ်ကြောင်း သိရှိရသည်။ “ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးတို့ကို အဓိကထား၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ညွှန်ကြားချက်နှင့်အညီ အသက်ကယ်ဗောများ၊ အသက်ကယ်အကျီများနှင့် မီးသတ်ဘူးများထားရှိပြီး ရေသန့်ဘူး၊ စနိုးတာဝါများကို လက်ဆောင်ပေးကြောင်း၊ရုံးဌာနဆိုင်ရာပစ္စည်း၊စာများကိုအခမဲ့သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း၊ ရေယာဉ် ၁၇ စီးဖြင့် ပြေးဆွဲပေးနေကြောင်း” ဗန်းမော်မြို့ရေယာဉ်ဂိတ်မှူးကပြောပြသည်။ အမြန်ရေယာဉ်ပြေးဆွဲခြင်းမရှိစဉ်က ဗန်းမော်မှ မြစ်ကြီးနားသို့ သွားလျှင် ကသာမြို့မှတစ်ဆင့်သွားရသဖြင့် ကုန်ကျစရိတ်များပြီး တစ်ညအိပ်နှစ်ရက် ခရီးသွားလာကြရသည်။ ယခုအခါ ဗန်းမော်-မြစ်ကြီးနားရေကြောင်းခရီးစဉ်တွင် စက်တပ်အမြန် ရေယာဉ်များ နေ့ချင်းပေါက်ပြေးဆွဲပေးနေသဖြင့် လမ်းပန်းဆက်သွယ်မှု၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုနှင့် ပြည်သူများ ခရီးသွားလာမှုချောမွေ့အဆင်ပြေလျက်ရှိသဖြင့် ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာရှိနေကြသည်။

ဆီမီးခုံ-နန်းရီ

တရားမဝင်ပြေးဆွဲနေသော ကားများကြပ်မတ်ပေးစေလို

ရေစကြို ဇန်နဝါရီ ၂၈

ယခုအချိန်တွင် နိုင်ငံခြားဖြစ်ကားများ မြန်မာပြည်တွင်းထုတ်ကားများမှာ ဖောဖောသီသီဝင်ရောက်လာသည်နှင့်အမျှ ကားတစ်စီးလျှင် ငွေကျပ်သိန်း ၁၀၀ ဝန်းကျင်နှင့် ဝယ်ယူအသုံးပြုနိုင်သဖြင့် လူလတ်တန်းစားပြည်သူများ ကိုယ်ပိုင်ကားများ ဝယ်ယူအသုံးပြုနိုင်လာကြသည်။ ထို့အတူ ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင်လည်း တစ်နေ့ထက် တစ်နေ့ ပိုမိုများပြားလာသည်ကို တွေ့မြင်ရသည်။ ရေစကြိုမြို့နယ်တွင် ကားဝယ်ယူသူအများစုသည် လူလည်းစီး၊ ကုန်ပစ္စည်းများလည်းတင်ဆောင်နိုင်၍ ဈေးနှုန်းအနေဖြင့်လည်း ငွေကျပ် သိန်း ၁၀၀ ဝန်းကျင်သာရှိသော Light Track ကားအမျိုးအစားများကို အများဆုံး ဝယ်ယူအသုံးပြုပြီး ကားပိုင်ရှင်အချို့သည် ရေစကြိုမှ ပခုက္ကူသို့လည်းကောင်း၊ ရေစကြိုမှ မန္တလေးသို့လည်းကောင်း တရားဝင် ကားလိုင်းများ မဟုတ်ဘဲ ပြေးဆွဲနေကြသည်။ ထို့ကြောင့် တရားဝင်ဖွဲ့စည်းထားသော ရွှေကြိုမန်းကားလိုင်းမှာ ခရီးသည်လည်းမရ၊ ကုန်လည်းမရဖြစ်နေသဖြင့် ကားလိုင်း ဖျက်သိမ်း ရမလိုဖြစ်နေသည်။

ထို့အပြင် ရေစကြိုမှ မန္တလေးသို့ တရားမဝင်ပြေးဆွဲနေသော ကိုယ်ပိုင်ကား ၁၈ စီးခန့်သည် မည်သည့်နေ့ မည်သည့်ရက် မည်သည့်နေရာမှထွက်မည်ကို အချိန်၊ နေရာအတိအကျ မသိရသည့်အတွက် ခရီးသွားပြည်သူများအနေဖြင့် မည်ကဲ့သို့စီးရမည် မသိဖြစ်ရသည်။ ထိုကဲ့သို့ အချိန်နာရီ အတိအကျဖြင့် တရားဝင်ပြေးဆွဲပေးနေသော ရွှေကြိုမန်းယာဉ်လိုင်း ဖျက်သိမ်းလိုက်ပါက အဆိုပါ ယာဉ်လိုင်းအား အမှီပြု၍ သွားလာနေကြရသော ခရီးသွားပြည်သူများ သွားလာရေးအခက်ကြုံမည်ဖြစ်သောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးရန် ဒေသခံများက မျှော်လင့်နေကြောင်း သိရှိရသည်။

အိမွန်ဆွေ(ရေစကြို)

ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် ဆီမီးဆက်ကပ်လှူဒါန်းပွဲကျင်းပ

ကျုံဒိုး ဇန်နဝါရီ ၂၈

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့၏ ကျက်သရေဆောင်ဖြစ်သော ဆုတောင်းပြည့်အေးစေတီ စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပူဇော်ပွဲတော်တွင် ပြာသိုလဆန်း ၈ ရက်မှ ၁၃ ရက်အထိ တရားပွဲများကို ခြောက်ညတိုင်တိုင်ကျင်းပကာ ရဟန်းသံဃာတော်များအား အရုဏ်ဆွမ်းများဆက်ကပ်ခြင်း၊ လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်းတို့ ပြုလုပ်ပြီး လပြည့်ညတွင် ဆီမီး ၉၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြသည်။

(နိုင်နိုင်ထွန်း)

မီးဘေးကာကွယ်ရေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၈

ကမာရွတ်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် စမ်းချောင်းမြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ရဲသူရိန်သိန်းမြင့်က ရန်ကုန်မြို့တော်တွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ CCTV ကင်မရာများ တပ်ဆင်အသုံးပြုပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်နေပုံ၊ မီးလောင်မှုအကြောင်းအရင်းနှင့် မီးအမျိုးအစားများကို ကွန်ပျူတာဖြင့် ရှင်းလင်းတင်ပြပြီး လျှပ်စစ်မီးဖို၊ ဂတ်စ်မီးဖိုများတွင် မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ပုံများကို လက်တွေ့ပြသသည်။

ဟောပြောပွဲသို့ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းကို သရုပ်ပြပြီး တက်ရောက်လာသူများကလည်း လက်တွေ့ငြိမ်းသတ်ခဲ့ကြသည်။

(၁၆၃)

အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
Grammar & Essay
သင်တန်း
၂၄၂-ပန်းဆိုးတန်းလမ်း (အထက်)။ 01 252 919, 09 430 85263

ရတနာခရီး
အဆင့်မြင့်ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း
(၅)ရက် 9 feb 220000 180000
(၅)ရက် 8 feb 150000 130000
(၃)ရက် 10 feb 115000 95000
(နေ့ချင်းပြန်) 11 feb 25000 20000
(၅)ရက် 28 feb 180000 11 Apr 200000
(၇)ရက် 22 Mar200000 12Apr230000
Tel:09-73198845, 09-43142178, 01-377351, 377352, 246239

အာရှနဂါး
ချောင်းသာ / ငွေဆောင်
Ph : 703790,09-861-9008
707062,09-861-7770

ဧရှနဂါး

တော်ဝင်စင်တာ (၂)နှစ်ပြည့် စတုဒိသာအလှူ
တော်ဝင်မိသားစုကုမ္ပဏီမှ ဖေဖော်ဝါရီ ၄ ရက်နေ့ နံနက် ၁၀ နာရီ အချိန်တွင် တော်ဝင်စင်တာ၌ မြန်မာမှုတေးဂီတ၊ မြန်မာသံစဉ် အဆိုတော်များနှင့် ဖျော်ဖြေ၍ စတုဒိသာ ထောပတ်ထမင်း၊ ကြက်သားဟင်း နှင့် အအေး ဖြင့် ကျွေးမွေးဧည့်ခံမည် ဖြစ်ပါသောကြောင့် မည်သူမဆို ကြွရောက် သုံးဆောင်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။
တော်ဝင်မိသားစုကုမ္ပဏီ၊ တော်ဝင်စင်တာမိသားစု

ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်း

မုံရွာ ဇန်နဝါရီ ၂၈

ရွှေဘိုခရိုင်အတွင်း ငလျင်ဘေးဒဏ်သင့် ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ရှေ့တန်းကွပ်ကဲရေးစခန်းများမှ စခန်းတာဝန်ခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး ရွှေဘို ရှေ့တန်းကွပ်ကဲရေးစခန်း တာဝန်ခံ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦးက ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ရွှေဘိုခရိုင် အုပ်ချုပ်ရေးမှူး ဦးလှဦးနှင့် စစ်ကိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေတို့က မိမိတို့ခရိုင်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို အသီးသီး ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာသော ဆပ်ကော်မတီအသီးသီးမှ အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြောင်း သိရသည်။

(မြ၁၁)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ပုဒ္ဓပူဇနီယဘုရားပွဲအကြို ဖူဆယ်ဘောလုံးပြိုင်ပွဲ

မန္တလေး ဇန်နဝါရီ ၂၈

ပုသိမ်ကြီးမြို့နယ် အောင်မင်္ဂလာ (၁)ရပ်ကွက် အေးမြသီတာဓမ္မာရုံ ဘုရားပွဲတော်ကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဇာတ်ပွဲများဖြင့် ဖျော်ဖြေခြင်း၊ တရားပွဲများ ဟောကြားခြင်းများအပြင် ယခုနှစ် ဒုတိယအကြိမ်မြောက်အဖြစ် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ထည့်သွင်းကာ မြို့ပေါ် အသင်းအချို့ပါဝင်ရောက် ယှဉ်ပြိုင်ခဲ့သောကြောင့် ပွဲကြည့်ပရိသတ်များကို ယခင်နှစ်များထက် ဆွဲဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ပြောကြား

ယခုနှစ်တွင် အသင်းပေါင်း ၁၆ သင်းအထိဝင်ရောက်ပြီး ဇန်နဝါရီ၁၃ ရက်မှစတင်ကာ ဘုရားပွဲအကြိုအဖြစ် ကျင်းပရာ ဆုကြေးငွေကိုလည်း ယမန်နှစ်ကထက် ပိုမိုတိုးပေးထားပြီး ဖူဆယ်ဘောလုံးပြိုင်ပွဲကို နှစ်စဉ်ထည့်သွင်းသွားမည်ဖြစ်ကြောင်း ဘောလုံးပွဲဖြစ်မြောက်ရေးကော်မတီမှ ဦးမောင်မောင်က ပြောကြားသည်။

ဝေဖြိုးအောင်

မန္တလေး-မြစ်ကြီးနားလမ်း ချပ်ကြီးဘူတာယာဒ်ဝင်း အကြီးစားပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

ကန့်ဘလူ ဇန်နဝါရီ ၂၈

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းသည် နေ့စဉ် အစုန်/အဆန် မီးရထားအစင်း ၄၀ ခန့် ပြေးဆွဲသွားလာလျက်ရှိရာ နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီခန့်က ဆီလုံး အထူးရထား တိမ်းမှောက်၍ ထွက်ကျလာသော ဆီများအား လုခပ်ရာမှ မီးလောင်ခဲ့သောဖြစ်စဉ်မှာ ကန့်ဘလူမြို့နယ် ချပ်ကြီးဘူတာအဝင်၌ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ချပ်ကြီးဘူတာယာဒ်ဝင်း အဝင်၊ အထွက်ပိုင်းအပါအဝင် ယာဉ်ပိုင်းတစ်ခုလုံးအား အကြီးစားပြင်ဆင်မှုများပြုလုပ်ခဲ့ရာ စစ်ဆေးချိန်တွင် စံချိန်မီဆောင်ရွက်ထားပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

ဇန်နဝါရီ ၂၅ ရက် ညနေ ၃ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်ကြီးဘူတာ၏ ဘူတာအဝင်ကွေ့ဖြေခြင်း၊ ယာဒ်ဝင်း လမ်းများ ပြုပြင်ထားခြင်းနှင့် မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုများအား အထက်မြန်မာပြည် မြန်မာ့မီးရထား အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်နှင့် မန္တလေး မီဒီယာသတင်းသမားများ သွားရောက် ကြည့်ရှုခဲ့ကြရာ ချပ်ကြီးဘူတာ မန္တလေးဘက်ခြမ်း အဝင်အပိုင်းအပါအဝင် ယာဒ်ဝင်း လမ်းအဝင်တွင် ကွေ့အနည်းငယ်ရှိနေရာမှ ရထားလမ်းအား ကွေ့ဖြေခြင်း၊ လမ်းအဖြောင့်ဆွဲခြင်းတို့အား ဇန်နဝါရီ ၂၁ ရက်မှစ၍ မြေသားလမ်းလုပ်ငန်းအား စက်ယန္တရားဖြင့် လုပ်ဆောင်လျက်ရှိခြင်းကို တာဝန်ရှိသူများမှ အနီးကပ်ကြီးကြပ်ခြင်းများ တွေ့ရှိရသည်။ အဆိုပါ လမ်းဖြောင့်ဆွဲခြင်းကို မူလလမ်းကြောင်းမှ ပေ ၁၀၀ ထိ ယာဒ်ဝင်းမဝင်မီ ကွေ့ဖြေလျှော့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရထားများ အန္တရာယ်ကင်းရှင်း၍ မတော်တဆမှု မဖြစ်နိုင်သည့်အပြင် ပို့ဆောင်နိုင်မှု စွမ်းရည်ကိုလည်း ... (အမြင့်အဝင် မိုင်နှုန်းပါ) တိုးမြှင့်ပေးနိုင်ခြင်းဖြင့် မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော မီးရထားများ ယခုထက်ပိုမိုအချိန်မှန်ကန်မှု ရရှိလာမည်ဖြစ်ကြောင်းနှင့် မြန်မာ့မီးရထားဝန်ထမ်းများက ပြည်သူအတွက် ကြိုးစားလုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ပါသည်။

တင်မောင်(မန္တလေး)

ဥပဒေဘောင်တွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
စိတ်ချမ်းသာ

ဧည့်လမ်းညွှန်သင်တန်း ဖွင့်မည်

ညောင်ဦး ဇန်နဝါရီ ၂၈

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ ဝင်ရောက်မှုများပြားလာသည်နှင့်အမျှ ဒေသတွင်း ဧည့်လမ်းညွှန်များ လိုအပ်ချက်ဖြည့်ဆည်းနိုင်ရန်ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက လမ်းညွှန်သင်တန်းတက်ရောက်နိုင်ရန် ရေးဖြေစာမေးပွဲ စစ်ဆေးမှုကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရည်ရွယ်

အဆိုပါ ရေးဖြေစာမေးပွဲတွင် ရေးဖြေစာမေးပွဲဖြေဆိုသူ ၅၀၀ ကျော်အနက် ၁၀၀ ကျော်ရွေးချယ်ခံခဲ့ရပြီး ရွေးချယ်ခံရသူများအား ဇန်နဝါရီ ၂၈ ရက်မှစ၍ သီတင်းပတ် ရှစ်ပတ်ကြာ သင်တန်းပို့ချမည်ဖြစ်သည်။ ထို့အပြင် ဧပြီနှင့် မေလများတွင်လည်း ထပ်မံသင်တန်းပို့ချသွားမည်ဖြစ်ကြောင်း၊ ၎င်းသင်တန်းအတွက် ပညာအရည်အချင်း ၁၀ တန်းအောင် သတ်မှတ်ထားကြောင်း၊ ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဇနီးအတွက် မုန့်ဝယ်သွားစဉ် ဆိုင်ကယ်မှောက်ပြီးသေဆုံး

ကသာ ဇန်နဝါရီ ၂၈

ကသာမြို့ အမှတ်(၉)ရပ်ကွက် အပိုင်း(၃)တွင်နေထိုင်သူ ကိုကိုထွေး အသက်(၂၁)နှစ်သည် ဇန်နဝါရီ ၁၇ရက် ည ၈ နာရီခွဲခန့်တွင် ဇနီးဖြစ်သူ မဂျာမွန်မိုင်အတွက် မုန့်ဝယ်ရန် တရုတ်နိုင်ငံလုပ် ရင်စင်း(ဒီ)ဆိုင်ကယ်ဖြင့် ဆိုင်ကယ်စီး ဦးထုပ်မဆောင်းဘဲ နေအိမ်မှ မောင်းနှင်ထွက်ခွာသွားရာ မဌေးဆိုသူ၏ နေအိမ်ရှေ့ လမ်းမပေါ်တွင် မတော်တဆ ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွားပြီး ဦးခေါင်းတွင် ဒဏ်ရာရရှိသွားခဲ့သည်။ ထိုဖြစ်ရပ်ကို ဇနီးဖြစ်သူ မဂျာမွန်မိုင်က တွေ့မြင်ရသဖြင့် အိမ်နီးချင်းများ၏အကူအညီဖြင့် နေအိမ်သို့သယ်ယူစဉ် ည ၉ နာရီကျော်ခန့်၌ သေဆုံးသွားခဲ့သည်။ ထိုဖြစ်ရပ်အား ကသာရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **စမ်းဦး(ကသာ)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်စီမံခန့်ခွဲမှုစနစ်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေခြင်း လုပ်ငန်းအစီအစဉ်တွင် အသုံးပြုမည့် လုံခြုံမှုအဆင့်အတန်းရှိပြီး တုပပြုလုပ်မှုကို ကာကွယ်နိုင်သည့် အခွန်အမှတ်တံဆိပ်များကိုဝယ်ယူလိုပါ၍ ထုတ်လုပ်ရောင်းချပေးနိုင်မည့်သူများကို အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းများကို ၃၁-၁-၂၀၁၃ ရက်မှ ၁-၂-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်နှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး၊ အမှတ် ၅၉/၆၁၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့တို့တွင် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၂-၂၀၁၃ ရက် ရုံးချိန်အတွင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်ရှိ တင်ဒါစိစစ်ရေးအဖွဲ့ရှေ့မှောက်တွင် လာရောက်ပေးသွင်းကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သည့် တင်ဒါ များကို လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
ရုံးအမှတ် (၄၆)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၀၀၂၅

မူလကမ္ဘာအေးကျောင်း မိုးကုတ်ရိပ်သာ နေ့(၅)ရက် လစဉ်အထူးတရားစခန်းပွဲ

ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ် မူလကမ္ဘာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလ(ဓမ္မာစရိယ)အားအမှူးထား၍ နေ့၅ရက် လစဉ်အထူးတရားစခန်းပွဲကို ၅-၂-၂၀၁၃ ရက်မှ ၉-၂-၂၀၁၃ရက်အထိ မွန်းလွဲ ၁၂:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်နယ်လှည့်ဓမ္မကထိက အရှင်နန္ဒာစရိယ(ဝမ်းတွင်း)ဆရာတော်မှ ပဋ္ဌိစ္စသမုပ္ပာဒ်တရားတော်နှင့် အလုပ်ပေးတရားတော်မြတ်ကို ခန္ဓာဉာဏ်ရောက် သစ္စာဆိုက် ဟောကြားမည်ဖြစ်ပါ၍ တရားအားထုတ်လိုသော ရဟန်း၊ ရှင်၊ လူ မည်သူမဆို ဓမ္မမိတ်ဆွေ ယောဂီအပေါင်းတို့အား နိဗ္ဗာန်အကျိုးမျှော်၍ လေးစားစွာဖိတ်ကြားအပ်ပါသည်။

တရားစခန်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့
မူလကမ္ဘာအေးကျောင်း၊ မိုးကုတ်ဓမ္မရိပ်သာ
ဖုန်း-၀၁-၃၈၂၂၈၆၊ ၀၉-၄၉၂၇၆၈၇၁

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေကွက်အမှတ် ပ-၄၄၅၆၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးတင်ဦး (ဘ)ဦးမြင့်အောင် အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဦးတင်ဦး (ဘ)ဦးမြင့်အောင်က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းဦး (ဘ)ဦးစံညွန့် ၁/ပညန(နိုင်)၀၉၈၆၇၉
ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး၊ ဖုန်း-၀၉-၉၁၀၁၁၄၁၈

အသစ်တည်ဆောက်နေသော ပြည်လုံးချမ်းသာတန်ဆောင်းကြီး

ဘိုကလေးမြို့နယ်၊ မြင်းကကုန်းကျေးရွာ၊ အမှတ်(၃)နယ်မြေရှိ ပြည်လုံးချမ်းသာ စေတီတန်ဆောင်းကြီးကို ယခင်မူလဆရာတော်ကြီး ဦးပဏ္ဍိတမှ (၁၂၈၄)ခုနှစ်တွင် ဆရာဒါယကာပေါင်းစည်း တည်ဆောက်ခဲ့ပါသည်။

၂၀၀၈ခုနှစ် မေ ၂ရက်ည တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ကြောင့် ၎င်းအုတ်တန်ဆောင်းကြီး ပြိုကျပျက်စီးခဲ့ပါသည်။

တန်ဆောင်းဂေါပကအဖွဲ့မှ ကြီးမှူး၍ ဆောက်လုပ်ရေးကော်မတီဖွဲ့စည်းပြီး မင်းကွန်းဓမ္မစေတီဖောင်ဒေးရှင်းဆရာတော် ဦးနာဂိန္ဒာလင်္ကာရ၏တပည့် ဦးဝဏ္ဏိတ(ဓမ္မာစရိယ)မှ ဦးဆောင်၍ အလျား၊ အရှေ့အနောက် (၈၃)ပေ၊ အနံ၊တောင်မြောက် ၉၅ပေရှိသော သံကူကွန်ကရစ်တန်ဆောင်းတော်ကြီးကို ရပ်ဝေးရပ်နီးအလှူရှင်များ၏လှူဒါန်းငွေများဖြင့် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၁ခုနှစ်တွင် ပထမအဆင့်ပြီးစီးခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် အမိုးမိုးပြီးအပါအဝင် ဒုတိယအဆင့်ပြီးမြောက်ခဲ့ပါသည်။ ဦးဝဏ္ဏိတဆရာတော်မှ ကိုယ်တိုင်ပုံစံထုတ်တည်ဆောက်ခဲ့ပြီး ၎င်းအတွက်လှူဒါန်းငွေ လက်မခံဘဲ ပညာ၊စေတနာ၊ဒါနဖြင့်ဆောင်ရွက်ခဲ့သဖြင့်လက်ရှိ ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါသည်။ ကုန်ကျငွေမှာ သိန်း ၇၀၀ကျော်မျှရှိပါသည်။ အနုစိတ်လက်ရာများနှင့်မုခ်ဦးစေတီမှအစ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိနေပါသဖြင့် သဒ္ဓါကြည်လင် စေတနာရှင်များ၏ဒါနကို ဤကော်မတီမှ ကြိုဆိုနေပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

ဂေါပကအဖွဲ့ (မြင်းကကုန်း)

ကြော်ငြာ

အမြန်ရောင်းမည်

CUMMINS
K.T.A- K-19-G.3 HP.685
K.V.A-500-R.P.M-1800
အင်ဂျင်-ဒိုင်နမို
မီးစက်တွဲကောင်သန့်/အသင့်သုံးရန်
ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၀၅၃၇၉

ရောင်းမည် / ငှားမည်

ပြင်ဆင်ပြီး

(Air con၊ phone ရေမီးအပြည့်နှင့်)

နေပြည်တော်၊ မြို့မဈေးဆိုင်ခန်း

(ထောင့်ခန်း)၊ ညီနိုင်းဈေးပြင်

ရောင်းမည်။

Ph-09-448539040
09-73030885
01-560881

အာရှ

- လက်ဖဝါးကွဲ
- ခြေဖဝါးကွဲ
- ခြေဖနောင့်ကွဲ
- အသားမာတက်နှင့်
- ဝါးမျက်စိဖြစ်ခြင်းများအတွက်

သုံးစွဲနိုင်ပါသည်။

Ph: 01 - 379385

မြိတ်တက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၃ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်မည့် ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားအတွက် ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံရိုက်ကူးခြင်း လုပ်ငန်းအတွက် အိတ်ဖွင့်ဈေးနှုန်းလွှာ (တင်ဒါ)ကို မြိတ်တက္ကသိုလ်၌ တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို ၄-၂-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၃ နာရီ နောက်ဆုံးထားတင်သွင်းရမည် ဖြစ်ကြောင်း အသိပေးကြေညာပါသည်။ အသေးစိတ် အချက်အလက်များကို မြိတ်တက္ကသိုလ် တယ်လီဖုန်းအမှတ်-၀၅၉-၄၂၇၆၂သို့ စုံစမ်းနိုင်ပါသည်။

ဓာတ်ပုံတင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
မြိတ်တက္ကသိုလ်

ကြေးတိုင်နှင့်မြေစာရင်းမိသားစု လူမှုရေးအသင်းနှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲ

ကြေးတိုင်နှင့်မြေစာရင်းမိသားစု လူမှုရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ ဒုတိယအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲနှင့်သက်ကြီးပူဇော်ပွဲကို ၁၂-၂-၂၀၁၃ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်းရှိWestern Park Restaurant ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ၊ ကြေးတိုင်နှင့်မြေစာရင်း အငြိမ်းစားဝန်ထမ်းများအားလုံး ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အသင်းဝင်နှင့်ကြေး/မြေဝန်ထမ်းများ၏ ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် (ဂုဏ်ထူးရ)သားသမီးများ အမည်စာရင်းများကို ၅-၂-၂၀၁၃ရက် နောက်ဆုံးထားပေးပို့ကြပါရန် မေတ္တာရပ်ခံပါသည်။ အလှူငွေများ ကြိုတင် ထည့်ဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၁) ဦးမန်းစိုးဟန် ဖုန်း-၀၉-၈၅၅၄၁၃၅၊ (၂) ဦးသန်း ဖုန်း-၀၉-၄၃၂၀၀၉၀၄၊
(၃) ဦးကျင်ထွန်း ဖုန်း-၀၉-၅၀၂၂၇၈၀၊ (၄) ဦးထင်လင်း ဖုန်း-၀၉-၇၃၁၁၄၈၀၉၊
(၅) ဦးနိုင်ဝင်း ဖုန်း-၀၉-၇၃၂၄၉၇၃၃၊ (၆) ဦးစောလှိုင် ဖုန်း-၀၉-၅၁၄၀၇၁၃၊
(၇) ဦးမြမောင် ဖုန်း-၀၉-၅၁၂၁၅၂၁၊ (၈) ဦးဇော်မင်း ဖုန်း-၀၉-၅၃၅၂၄၁၈၊
(၉) ဦးအေးကြူ ဖုန်း-၀၉-၄၅၀၀၅၈၅၅၃

အသင်းအမှုဆောင်ကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၁၅

ဒေါ်မရီဘန်ဘီ	**နှင့်**	၁။ ဒေါ်ရင်ရင်ဦး
		၂။ ဒေါ်သန်းသန်းနိုင်
		၃။ ဒေါ်ခင်သန်း
တရားလို		**တရားပြိုင်များ**

အမှတ် ၃၃၊ အောင်တေဇလမ်း၊ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်ခင်သန်း (ယခုလိပ်စာမသိ) သိစေရမည်။

ဒေါ်မရီဘန်ဘီက အိမ်နှင့်မြေအရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ၄ရက် (၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝါဝါထွန်း)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံးမှ ရရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် L17-၆၀၊ မြေကွက်အမှတ်၂၄၂၉ အမည်ပေါက် ဦးမောင်မှတ်(ခ)အောင်ငြိမ်း AG-၂၇၃၄၂၂ထံမှ ဝယ်ယူထားသူ ဒေါ်သီသီဦး ၁၂/ဒဂတ(နိုင်)၀၀၃၄၂၄က မြေချပါမစ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံးမှ ရရှိသော ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၀)၊ မြေကွက်အမှတ် ၂၁၆ မြေကွက်ရရှိသူ အမည်ပေါက် ဦးမြတ်ဆွေ(ခ)ဦးမြရွှေ ၁၂/စခန(နိုင်)၀၄၇၈၈၇ကမြေချပါမစ်ပြုလုပ်ပေးပါရန်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါကကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်းဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမှုရင်းများ တင်ပြ၍ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အမွေပြတ်ကြော်ငြာ

မောင်အောင်မင်းနိုင် ၁၂/တမန(နိုင်)၀၇၁၇၉၆အား ၂၆-၉-၁၉၉၆ရက်တွင်လည်းကောင်း၊ မမိုးနန္ဒာရွှေ ၁၂/တမန(နိုင်)၀၉၃၀၂၈အား ၁-၁၁-၂၀၁၂ရက်မှစ၍ မိခင်ဆုံးမမှုကို မနာခံဘဲ ၎င်းတို့နှစ်ဦးဆန္ဒအလျောက် ပြုမူပြီး နေအိမ်မှဆင်းသွားပါသဖြင့် မိခင်နှင့် ကျန်ညီအစ်မများမှ လုံးဝတာဝန်မယူတော့ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင် - ဒေါ်ခင်ညွန့်
၁၂/တမန(နိုင်)၀၇၁၇၃၂

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ... Block No. (TH2-B2) ... (14a)။ ... ၂/၇၂ ...

လွှဲအပ်ညွှန်ကြားချက်အရ -

ဦး...လတ် (LL.B)

အထက်တန်းရှေ့နေ (စဉ် - ၂၃၃၆၀)

ရန်ကုန်မြို့။ ဖုန်း ၀၉-၄၉၉၃၀၈၅၅၀

အိမ်၊ ခြံ၊ မြေရောင်းမည်

(၉/၈၅) ဒဂုံမြို့သစ်(အရှေ့ပိုင်း)
ဖုန်း-၀၁-၆၅၇၀၀၃၊ ၆၅၇၂၉၁

အောင်စကြာဓမ္မရိပ်သာ ၂၄ နာရီတရားစခန်းပွဲ

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ၌ (မဟာ ဓမ္မကထိက ဗဟုဇန ဟိတ ဓရ) အောင်စကြာဘဒ္ဒန္တစန္ဒသူရိယဆရာတော်သည် ပဋ္ဌာန်းသမုဒ္ဒါန်နှင့် သစ္စာလေးပါးတရားတော်များကို အခြေခံမှု၍ ... ၂၀၁၃ခု ဖေဖော်ဝါရီ (၁၅) ရက်နေ့မှ (၂၁) ရက်နေ့အထိ (၇) ရက် ညနေ(၅)နာရီမှ ည(၈) နာရီအတွင်း (၁) နာရီတရားဟော တရားပြ၍ လက်တွေ့(၁) နာရီအားထုတ်ကြရမည်ဖြစ်ရာ မည်သူမဆို ကြွရောက်နိုင်ကြပါသည်။ ဆက်သွယ်ရန် ဖုန်း ၀၁ ၂၂၄၆၈၁

မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၁)၊ အဋ္ဌမတန်း(E)မှ မမိုးကိုစံ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၉-၁၉၉၉ ဖြစ်ပါကြောင်း။ **မမိုးကိုစံ**

ဖခင်အမည်မှန်

ကျွန်မ မအွမ်စိမ်းပိုင် ၄/မတန(နိုင်)၀၂၈၃၅၇၏ ဖခင်အမည်မှန်မှာ ဦးနိုင်းအွမ်(ခ) ဦးရွှေနိုင်းအွမ် ၄/မတန(နိုင်)၀၁၁၆၃၉ ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ဥူးအဝ္ဂညဏ ၁၂/ကတန(သ)၀၀၁၀၀၂၏ နိုင်ငံကူး လက်မှတ်အမှတ်-A 012542 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၅၀၃၈၄၄၉

မော်တော်ယာဉ်စရီးသွားလမ်းမှတ်တမ်းစနစ်

Vehicle Tracking System (Real-Time/ Offline)

Complete with GPS + Map

MAPS Available

အကျိုးကျေးဇူးများ

- Real-time System ...
- sms ... Internet ...



165, 35 St(Middle), KTDA Tip, Yangon. Tel: 20 40 20, 24 52 30, 20 42 00, 0950-30177, 700541, www.dpsmap.com
Email: admin@dpsmap.com

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Aspect Management (Myanmar) Co.,Ltd

ရန်ကုန်၊ နေပြည်တော်နှင့် အခြားနယ်မြို့များအတွက်

၁။ လုံခြုံရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် ကျား/မ(၃၀)ဦး

- ကျန်းမာသန်စွမ်းပြီးရောဂါကင်းစေရမည်။
- အကျင့်စာရိတ္တကောင်းမွန်ပြီး ဖြစ်မှုကင်းရှင်းရမည်။
- စကားအပြောအဆိုပြေပြစ်ကောင်းမွန်ရမည်။
- အသက် ၂၀ မှ ၄၅ အတွင်း ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။
- စစ်မှုထမ်းဟောင်း၊ ရဲမှုထမ်းဟောင်းများ ဦးစားပေးပြီး အသက်လျှော့ပေါ့ခေါ်ယူမည်။
- ညအိပ်ညနေအဆောင်နေမည့်သူများလည်း လျှောက်ထားနိုင်သည်။
- အရက်သေစာ သောက်စားသူများ လုံးဝလက်ခံခေါ်ယူမည်မဟုတ်ပါ။

အရည်အချင်းရှိသောဝန်ထမ်းများဖြစ်စေရန် နိုင်ငံတကာအဆင့်မီသော သင်တန်းများအဖြစ် စာတွေ့ လက်တွေ့များကို ကုမ္ပဏီမှ အခမဲ့သင်ကြားပို့ချပေးမည်။

စိတ်ပါဝင်စားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှရင်း CV Form၊ ဓာတ်ပုံ(၂)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်သည်။

Aspect Management (Myanmar) Co.,Ltd
အမှတ်(39-A)၊ ... (Holiday Restaurant ...)၊ ... ရန်ကုန်မြို့။
Ph : 01-541758, 549069, 09-5406730, 09-5109884, 09-73206432

(၂၃-၁-၂၀၁၃)ရက်နေ့ မြန်မာ့အလင်းသတင်းစာပါ အထက်တန်း ရှေ့နေ ဒေါ်မိုးမိုးဝိုင်၊ ဒေါ်ယောမယ်ရီနှင့် ဦးခင်ဟန်တို့၏ ကြေညာချက် မမှန်ကြောင်း ရှင်းလင်းသတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ...

ဦးခင်မောင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နန်းထက်ထက်ဝင်းလတ်	ဒေါ်ဆီသဲနိုင်	ဦးညွှန့်ရှိန်
အထက်တန်းရှေ့နေ (စဉ်-၁၁၇၇၆)	အထက်တန်းရှေ့နေ (စဉ်-၂၇၂၃၈)	တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၀၄)

အမှတ်(၅၀) ... ရန်ကုန်မြို့။

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

Certificate TH09/3125   Certificate TH06/3966.01

ISO 9001:2008 နှင့် GMP ...

ကြော်ငြာ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible] Block No. (TH2-B2) [illegible] အမှတ် (14b), (15)၊ [illegible]

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

[illegible] (LL.B)

အထက်တန်းရှေ့နေ (စဉ် - ၂၃၃၆၀)

[illegible]

ရန်ကုန်မြို့၊ ဖုန်း ၀၉-[illegible]

Computer Training

Basic Computer | I-Office | Excel Special

Graphic | DTP

A+ Hardware

09-73009869
09-73013432
09-73028433

ကန့်ကွက်နိုင်ပါသည်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

Myanmar National Law Firm

[illegible]

ပျောက်ဆုံးကြောင်း

အေးလွင်ဦး ၁၂/ဥကတ(နိုင်)၁၃၃၄၉၆ P.P 182963 ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၁၂၆၈၂၂

SINCE 1989

SAYA-TONY

IELTS (Foundation+Exam)
(8-4:00) Mon-Fri 31Jan,1,4 Feb
(8-12:00) Mon-Fri 31Jan,1,4 Feb
(12-4:00) Mon-Fri 31Jan,1,4 Feb

IELTS (Foundation+Exam)
(8-4:00) Sat+Sun 2,3,9 Feb
(8-12:00) Sat+Sun 2,3,9 Feb
(2-5:00) Sat+Sun 2,3,9 Feb

IELTS (Intensive Exam)
(8-4:00) Mon-Fri 31Jan,1,4 Feb
(8-12:00) Mon-Fri 31Jan,1,4 Feb
(12-4:00) Sat+Sun 2,3,9 Feb

TOEFL (Intensive Exam)
(10-12:00) Mon-Tue 31Jan,1,4 Feb
(10-12:00) Sat+Sun 2,3,9 Feb

SPOKEN ENGLISH COURSE (5-SKILL TRAINING)
(8-10:00) Wed,Thurs,Fri 30Jan,6,7 Feb
(8-10:00) Mon-Tue 31Jan,1,4 Feb
(5-7:00) Mon-Tue 31Jan,1,4 Feb
(8-10:00) Sat+Sun 2,3,9 Feb

BASIC GRAMMAR & ESSAY
(10-12:00) Wed,Thurs 30Jan,6,7Feb

BASIC TRANSLATION COURSE
(2-4:00) Mon-Tue 31Jan,1,4 Feb

အမှတ်(၂၀၀/၂၀၈)၊ (၅)လွှာ၊ ဥဒ္ဒလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

249178 09-5061343, 09-5138867, 09-448000410

သားအဖြစ်မှစွန့်လွှတ်ခြင်း

မြိတ်မြို့၊ ကန်ခေါင်းရပ်၊ ကံ့ကော်လမ်း၊ အမှတ်-၁၇၃ နေ ကျွန်မဒေါ်မြမြသန်း၏ သား မောင်အာကာထွန်းသည် မိခင်၏ဆိုဆုံးမမှုကိုမနာခံပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကိုလည်း လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **ဒေါ်မြမြသန်း ၆/မအရ(နိုင်)၀၃၆၅၆၈**

အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ကြားသိစေသည့်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၄၄)

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၂ခုနှစ် တရားမပထမအယူခံမှုအမှတ်-၂၅၄

ဦးထွန်းထွန်း ပါ ၈ ဦး **နှင့်** ဦးခင်မောင် ပါ ၆ ဦး

အယူခံတရားလိုများ **အယူခံတရားပြိုင်များ**

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၆ ရက်စွဲပါ မန္တလေးခရိုင် နယ်တရားမရုံးတော်မှ မကြီးမှု ၁၇၉/၂၀၁၁ကို အယူခံမှု။

အယူခံတရားပြိုင် ၄။ ဦးတင်မောင်(ခ) ဦးအီစာ၊ ၅။ မစောမာလာ၊ ၆။ မောင်ဖြိုးဝေကျော် အကွက် (၆၀၄)၊ လေလ္လာဝင်း၊ ချမ်းအေးသာစံအရှေ့ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရန် အကြောင်းကြားအပ်ပါသည်။

ယခုအမှုတွင် မန္တလေးခရိုင်တရားရုံးက ချမှတ်ပေးသည့်ဒီကရီကို ဦးထွန်းထွန်း ပါ ၈ ဦးက အယူခံရာ ဤရုံးတွင် မှတ်ပုံစာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် (၁၃၇၄ ခုနှစ် တပို့တွဲလဆန်း ၃ ရက်)တွင်ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည် ဖြစ်ပါသည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ သွင်းရမည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

တင်ထွေးဦး

ဒုတိယညွှန်ကြားရေးမှူး

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၅၀

ဦးမော်ဦး **နှင့်** ဦးအောင်ကျော်ဆန်း ပါ-၃

တရားလို **တရားပြိုင်များ**

